

# “အရှုံးပေးမည်မဟုတ်”

လူ့အခွင့်အရေးကာကွယ်သူများနှင့် တက်ကြွလှုပ်ရှားသူများကို ရာဇဝတ်မှုများဖြင့် စွဲဆိုအပြစ်ပေးနေခြင်း

AMNESTY INTERNATIONAL

**အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့သည် လူ့အခွင့်အရေးကို လူတိုင်းရရှိခံစားနိုင်စေရန် လူပေါင်း ၇သန်းကျော်မှ ဝိုင်းဝန်းစည်းရုံး လှုံ့ဆော်သော ကမ္ဘာလုံးဆိုင်ရာ လှုပ်ရှားမှုကြီးဖြစ်သည်။**

**ကျွန်ုပ်တို့၏ မျှော်မှန်းချက်မှာ လူသားတိုင်း ကုလသမဂ္ဂ၏ အပြည်ပြည် ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတန်းနှင့် အခြားနိုင်ငံတကာလူ့အခွင့်ရေး စံချိန်စံညွှန်းများနှင့်အညီ အခွင့်အရေးများအားလုံးကို ရရှိခံစားနိုင်စေရန် ဖြစ်သည်။**

**ကျွန်ုပ်တို့သည် အစိုးရ၊ နိုင်ငံရေးအယူဝါဒ၊ စီးပွါးရေးအကျိုးအမြတ်နှင့် ဘာသာရေးတို့မှ ကင်းလွတ်သော အဖွဲ့ဖြစ်ပြီး အဓိကရန်ပုံငွေအဖြစ် အဖွဲ့ဝင်ကြေးနှင့် လူထုလှူဒါန်းငွေဖြင့်ရပ်တည်နေပါသည်။**

© Amnesty International 2020
Except where otherwise noted, content in this document is licensed under a Creative Commons (attribution, non-commercial, no derivatives, international 4.0) licence.
https://creativecommons.org/licenses/by-nc-nd/4.0/legalcode
For more information please visit the permissions page on our website: www.amnesty.org
Where material is attributed to a copyright owner other than Amnesty International this material is not subject to the Creative Commons licence.
First published in 2020 by Amnesty International Ltd
Peter Benenson House, 1 Easton Street, London WC1X 0DW, UK

Cover photo: Kay Khaing Tun, a performer of Peacock Generation group looks from a prison van window after a trial in Yangon on November 18, 2019. (Photo by Sai Aung Main / AFP) (Photo by SAI AUNG MAIN/AFP via Getty Images

**Index: ASA 16/2041/2020**
**Original language: English**

**amnesty.org**

AMNESTY INTERNATIONAL

# အကြောင်းအရာ


လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ အသင်းအဖွဲ့ဖွဲ့စည်းခွင့်နှင့် ငြိမ်းချမ်းစွာ စုဝေးခွင့်တို့ တိုက်ခိုက်ခံနေရခြင်း 2

**ရာဇဝတ်ကျင့်ထုံးဥပဒေ**

အခြေခံဥပဒေပြင်ဆင်ရေး တက်ကြွလှုပ်ရှားသူ 4

“ဒေါင်းတို့မျိုးဆက်” 6

ကလေးစစ်သားဟောင်းအား ထောက်ခံသူများ 8

စစ်တပ်ကိုဝေဖန်ခဲ့သည့်ဘုန်းတော်ကြီး 10

သဘာဝပတ်ဝန်းကျင်အရေး လှုပ်ရှားသူ 11

**ငြိမ်းချမ်းစွာစုဝေးခြင်းနှင့်ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဥပဒေ**

“ရခိုင်တွေမှာလည်း အသက်နှင့်” ဆန္ဒပြသူ 12

အင်တာနက်ပိတ်မှုကို ကန့်ကွက်နေသော ကျောင်းသားများ 13

ကချင် စစ်ဆန့်ကျင်ရေးဆန္ဒပြသူများ 15

ကရင်တက်ကြွလှုပ်ရှားသူများ 17

အလုပ်သမားအခွင့်အရေးလှုပ်ရှားသူများ 19

**မတရားအသင်းဥပဒေ**

ရခိုင်သတင်းအယ်ဒီတာ 20

**နိုင်ငံသားများ၏ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံရေးကို ကာကွယ်သည့်ဥပဒေ**

ကရင်နီအရေးလှုပ်ရှားသူများ 21

မြန်မာနိုင်ငံ၏ဖိနှိပ်သည့် ဥပဒေမူဘောင် 22

နိဂုံးနှင့်အကြံပြုချက်များ 24

# လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ အသင်းအဖွဲ့ဖွဲ့စည်းခွင့်နှင့် ငြိမ်းချမ်းစွာ စုဝေးခွင့်တို့ တိုက်ခိုက်ခံနေရခြင်း



နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အစိုးရ တက်ရောက်လာပြီး လေးနှစ်ကြာလာသည့်အချိန်တွင် လူ့အခွင့်အရေးကာ ကွယ်စောင့်ရှောက်သူများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများမှ တက်ကြွလှုပ်ရှားသူများသည် ၎င်းတို့၏ အခွင့်အရေးများကို ငြိမ်းချမ်းစွာ ကျင့်သုံးရုံဖြင့် နှောက်ယှက်၊ ခြိမ်းခြောက်၊ ဖမ်းဆီး၊ တရားစွဲဆို၊ ထောင်ချခံနေကြရပါသည်။ ဤကဲ့သို့သော လူ့အခွင့်အရေးချိုးဖောက်မှုများသည် သက်ဆိုင်သူများတင်သာမက လူ့အဖွဲ့အစည်းအပေါ်တွင်ပါ ကျယ်ကျယ်ပြန့်ပြန့်အကျိုးသက်ရောက်မှုဖြစ်စေပြီး ကြောက်ရွံ့မှုများပါဖြစ်ပေါ်စေကာ မပြောမဆိုရဲပဲ မိမိကိုယ်ကို ဆင်ဆာဖြတ်ကန့်သတ်ထိန်းချုပ်မှုများဖြစ်စေပါသည်။

၂၀၁၆ ခုနှစ် ဧပြီလတွင် အစိုးရအပြောင်းအလဲဖြစ်လာချိန်က အစိုးရသည် သူတို့၏ ဖိနှိပ်သောအတိတ်ကို ပြည်ဖုံးကားချ တံခါးပိတ်လိုက်ပြီး နိုင်ငံရေးဦးတည်ချက်များဖြင့် ဖမ်းဆီး အကျဉ်းချမှုများကို အာဏာပိုင်များက အဆုံးသတ်လိုက်လိမ့်မည်ဟူသော မျှော်လင့်ချက်အသစ်များ ရှိခဲ့ကြသည်။ အစိုးရသစ်တက်လာသည့် အစောပိုင်းကာလ များတွင် အပြုသဘောဆောင်သည့် လုပ်ရပ်အချို့ကိုတွေ့ခဲ့ရပါသည်။ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများကို ပြန်လွှတ်ပေးခဲ့သည်၊ စစ်အစိုးရလက်ထက်က မကြာမကြာအသုံးပြုခဲ့သည့် အတိုက်အခံသဘောထားကွဲလွဲသူများကို ဖိနှိပ်သည့် ဆိုးဝါးပြင်းထန်သည့် ဥပဒေနှစ်ခုကို လွှတ်တော်မှ ဖျက်သိမ်းခဲ့သည်။ ထိုကဲ့သို့ အားထုတ်မှုများရှိသော်လည်း လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများမှ တက်ကြွလှုပ်ရှားသူများသည် ၎င်းတို့၏ အခွင့်အရေးများကို ငြိမ်းချမ်းစွာ ကျင့်သုံးရုံဖြင့် နှောင့်ယှက်၊ ခြိမ်းခြောက်၊ ဖမ်းဆီး၊ တရားစွဲဆို ထောင်ချခံနေကြရမှုများနှင့် ဆက်လက်ရင်ဆိုင်နေရဆဲဖြစ်သည်။ မြန်မာနိုင်ငံ၏ ဖိနှိပ်သော ဥပဒေများကို ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်မှာလည်း ရပ်တန့်လျက်ရှိပါသည်။

ယခု အစီရင်ခံစာတွင် ပြီးခဲ့သည့် ၁၈ လအတွင်း လူပေါင်း ၅၈ဦး အပေါ် နိုင်ငံရေးဦးတည်ချက်ဖြင့် ဖမ်းဆီး၊ တရားစွဲဆို၊ ပြစ်ဒဏ်ချမှတ်ခဲ့သည့် အမှုပေါင်း ၁၆မှုကို မီးမောင်းထိုးဖော်ပြထားသည်။ တစ်ဦးချင်းစီဖြစ်စေ အုပ်စုလိုက်ဖြစ်စေ ၎င်းတို့သည် မိမိတို့၏ လူ့အခွင့်အရေးများ အထူးသဖြင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ဖွဲ့စည်းလှုပ်ရှားခွင့်နှင့်၊ ငြိမ်းချမ်းစွာ စုဝေးခွင့်တို့ကို ငြိမ်းချမ်းစွာ ကျင့်သုံးရုံဖြင့် အာဏာပိုင်များ၏ ပစ်မှတ်ထားခံခဲ့ကြရပါသည်။ ၎င်းတို့အထဲတွင်လူ့အခွင့်အရေးကာကွယ်သူများ၊ ကျောင်းသားများ၊ သတင်းသမားများ၊ သရော်လှောင်ပြောင်သည့် သရုပ်ဖော်တင်ဆက်သူများ၊ သဘာဝပတ်ဝန်းကျင်အရေး လှုပ်ရှားသူတစ်ဦး၊ အလုပ်သမားအခွင့်အရေးလှုပ်ရှားသူတစ်ဦးနှင့် အလုပ်သမားသမဂ္ဂအဖွဲ့ဝင်များအပြင် သံဃာတော်တစ်ပါးပါ ပါဝင်သည်။ နိုင်ငံတစ်နံတစ်လျား ပြည်နယ်နှင့် တိုင်းဒေသကြီး ကိုးခုတွင် ဖြစ်ပွားခဲ့သော အမှုများဖြစ်သည်။ တချို့အမှုများတွင် မတရားမှုကို ထုတ်ဖော်ပြောဆိုသူများနှင့် မိမိတို့၏ အခွင့်အရေးများကို တောင်းဆိုသူများကို ထောက်ခံမှု ပြခဲ့သူများပါ အရေးယူခံခဲ့ရသည်။

အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့သည် ၎င်းတို့အထဲမှလူ အတော်များများနှင့် ယင်းတို့၏ ရှေ့နေများ၊ မိသားစုဝင်များနှင့်ပါ စကားပြောဆိုခဲ့ပါသည်။ ထို့အပြင် ဆက်စပ်မှုရှိသော ဥပဒေများနှင့် တရားဝင်စာရွက် စာတမ်းများကိုလည်း လေ့လာခဲ့သည်။ မြန်မာနိုင်ငံအတွင်းရှိ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ အသင်းဖွဲ့စည်းခွင့်နှင့်၊ ငြိမ်းချမ်းစွာ စုဝေးခွင့်တို့နှင့် ပတ်သက်သော ပိုမိုကျယ်ပြန့်သည့် အခြေအနေများကို လူမှုအဖွဲ့အစည်းများမှ တက်ကြွလှုပ်ရှားသူများ၊ သတင်းသမားများ၊ သံတမန်များတို့နှင့်လည်း တွေ့ဆုံ ဆွေးနွေးခဲ့ပါသည်။

### ယုံကြည်ချက်ကြောင့် အကျဉ်းကျခံရသူဆိုသည်မှာ မည်ကဲ့သို့သူလဲ။

မည်သူမဆို ၎င်းတို့၏ နိုင်ငံရေး၊ ဘာသာရေးနှင့် အခြားစွဲမြဲစွာ လက်ခံထားသောယုံကြည်ချက်တစ်ခုခုကြောင့် ဖြစ်စေ၊ လူမျိုးဇာတိ၊ လိင်၊ ကျား မ၊ အသားအရောင်၊ ပြောဆိုသုံးစွဲသည့် ဘာသာစကား၊ လူမျိုးရေး သို့မဟုတ် လူမှုရေးနောက်ခံ၊ မွေးဖွားရာ ဒေသ၊ လိင်ပိုင်းဆိုင်ရာတိမ်းညွတ်မှုနှင့် အခြားသော အဆင့်အတန်းအခြေအနေတစ်မျိုးမျိုးကြောင့်ဖြစ်စေ၊ မိမိတို့၏ လူ့အခွင့်အရေး ရပိုင်ခွင့်ကို အကြမ်းမဖက်ပဲ၊ အကြမ်းဖက်ရန်တိုက်တွန်းလှုံ့ဆော်ခြင်း၊ မုန်းတီးမှုဖြစ်ရန် လှုံ့ဆော်ခြင်းမပြုလုပ်ပဲ ငြိမ်းချမ်းစွာကျင့်သုံးခြင်းကြောင့် ဖမ်းဆီးအကျဉ်းချခံရခြင်းမျိုးရှိလျှင် ၎င်းတို့အား ယုံကြည်ချက်ကြောင့် အကျဉ်းကျခံရသူဟူ၍ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က မှတ်ယူသည်။

ယခုအစီရင်ခံစာတွင် ဖော်ပြထားသူ အများစုမှာ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံရသူများနှင့် ၎င်းတို့ ဖမ်းဆီးထိန်းသိမ်းခံရလျှင် ယုံကြည်ချက်ကြောင့် အကျဉ်းချခံရသူများ ဖြစ်လာမည့် သူများဖြစ်သည်။

ယုံကြည်ချက်ကြောင့် အကျဉ်းကျခံရသူများအားလုံးကို ချက်ခြင်း ချွင်းချက်မရှိပြန်လွှတ်ပေးရမည်ဖြစ်ပြီး ၎င်းတို့ အပေါ်စွဲဆိုထားသော စွဲချက်များကို ရုပ်သိမ်းရမည်။

ယခုအစီရင်ခံစာတွင် ဖော်ပြထားသော အမှုအများအပြားတွင် တရားစွဲဆိုသူမှာ မြန်မာစစ်တပ်မှ အရာရှိတစ်ဦးဦးဖြစ်သည်။ ပြည်တွင်း အရပ်ဘက်လူ့အဖွဲ့အစည်းများက ထောက်ပြသည့်အတိုင်း တပ်မတော်အရာရှိများက နိုင်ငံရေးအရရည်ရွယ်ချက်ဖြင့် တရားစွဲဆိုသော အမှုများ စိုးရိမ်စရာကောင်းလောက်အောင် တိုးတက်များပြားလာခဲ့သည်။ အထူးသဖြင့် စစ်တပ်နှင့် စစ်တပ်က ဦးစီးရေးဆွဲခဲ့သော ၂၀၀၈ အခြေခံဥပဒေကို ဝေဖန်လျှင် တရားစွဲဆိုခံရနိုင်ပါသည်။ အထူးသဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၅၀၅ (က) ကို အသုံးပြု၍ စွဲဆိုသည်ကို တွေ့ရသည်။ ယင်းပုဒ်မမှာ တပ်မတော်သားတစ်ဦးဦးကို ၎င်းတို့၏ တာဝန်ဝတ္တရားများထမ်းဆောင်မှု ပျက်ကွက်အောင် လှုံ့ဆော်သည်ဆိုသော စွဲချက်ဖြစ်ပြီး ယမန်နှစ်လောက်အထိ အသုံးမများ မထင်ရှားခဲ့သော ပုဒ်မတစ်ခုဖြစ်ပြီးယခုအချိန်တွင် ငြိမ်းချမ်းစွာဝေဖန်ထောက်ပြသူများကို ဦးတည်ပစ်မှတ်ထား အသုံးပြုလာသော ပုဒ်မဖြစ်လာသည်။ ၂၀၁၇ ဩဂုတ်လမှစပြီး ရိုဟင်ဂျာများအပေါ် ရက်စက်မှုများ ကျူးလွန်ခဲ့သည့်အတွက် မြန်မာစစ်တပ်ကို နိုင်ငံတကာက စောင့်ကြည့်ဖိအားပေးမှုများ တိုးလာနေချိန်တွင် ဖြစ်ပေါ်လာသော ယခုကဲ့သို့ အမှုများကို ကြည့်လျှင် မြန်မာနိုင်ငံအတွင်း စစ်တပ်က ဆက်လက်၍ ဩဇာနှင့် အရှိန်အဝါကြီးမားနေဆဲဖြစ်သည်ကို ပြနေသည့် အရေးကြီးသည့် သတိပေးချက်တစ်ခု ဖြစ်ပါသည်။

အချို့အမှုများတွင် တရားစွဲဆိုသူများမှာ အစိုးရအရာရှိများ အခြေခံဥပဒေအရ စစ်တပ်၏ လွှမ်းမိုးမှုအောက်တွင်ရှိသော ရဲအရာရှိများ နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (GAD)မှ အရာရှိများတို့ဖြစ်သည်။ ထွေအုပ်ကို ၂၀၁၉ ဇန်နဝါရီလမှစတင်၍ အရပ်ဘက်အစိုးရ၏ အုပ်ချုပ်မှုအောက်သို့ ပြောင်းရွှေ့ခဲ့သည်။

ယင်းအမှုများအားလုံးတွင် တူညီသောအချက်မှာ အမှုများကို စွဲဆိုနိုင်ရန် ဖိနှိပ်သည့် ဥပဒေမူဘောင်က ခွင့်ပြုပေးထားခြင်းဖြစ်သည်။ ယင်းမူဘောင်အတွင်းတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ဖွဲ့စည်းခွင့်နှင့် ငြိမ်းချမ်းစွာ စုဝေးခွင့် အခွင့်အရေးများကို ထင်သလို ကန့်သတ်နိုင်သော ဥပဒေများ ပါဝင်သည်။ ယင်းဥပဒေများအားလုံး မဟုတ်သော်လည်း အများစုမှာ အန်အယ်ဒီ အစိုးရမတိုင်ခင်ကတည်းက တည်ရှိသောဥပဒေများဖြစ်သည်။ ယင်းဥပဒေများအာလုံး ဆက်လက်တည်ရှိကျင့်သုံးနေပါသေးသည်။ အချို့ဥပဒေများကို လက်ရှိအစိုးရက ပြင်ဆင်ခဲ့သော်လည်း ယင်းပြင်ဆင်ချက်များမှာ နိုင်ငံတကာ လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့် တစ်သားတည်း ဖြစ်မလာသေးပါ။ ထို့ကြောင့် ယင်းဥပဒေများက နိုင်ငံရေးကြံရွယ်ချက်နှင့် ဖမ်းဆီး၊ တရားစွဲဆို၊ အကျဉ်းချနိုင်အောင် ခွင့်ပြုနေဆဲဖြစ်ပါသည်။


ယခုအစီရင်ခံစာတွင် ပါဝင်သော အမှုများမှာ မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသော ထင်သလို ဖမ်းဆီး၊ တရားစွဲဆို၊ အကျဉ်းချနေသော အမှုများထဲမှ အစိတ်အပိုင်းတစ်ခုသာဖြစ်သည်။ သို့ရာတွင် ယင်းအမှုများက နိုင်ငံအတွင်း လူ့အခွင့်အရေးကာကွယ်သူများနှင့် တက်ကြွလှုပ်ရှားသူများ ရင်ဆိုင်နေရသော စိန်ခေါ်မှုများကို ရှင်းရှင်းလင်းလင်း ဖော်ပြနေပါသည်။ ယခုအခြေအနေက အန်အယ်ဒီဦးဆောင်သောအစိုးရ၏ ပြုပြင်ပြောင်းလဲမှုလုပ်လိုသော၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ဖွဲ့စည်းခွင့်နှင့် ငြိမ်းချမ်းစွာ စုဝေးခွင့်အခွင့်အရေးများကို လေးစားလိုသော ဆန္ဒများကို အရေးတကြီး မေးခွန်းထုတ်စရာ ဖြစ်လာပါသည်။ ပါလီမန်ထဲတွင် အမတ်နေရာအများစုရထားသော အန်အယ်ဒီသည် ယင်းဖိနှိပ်သော ဥပဒေများအားလုံးကို နိုင်ငံတကာ လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့် ညီညွတ်မှုရှိအောင် ပြန်လည်သုံးသပ်ပြီး ရုပ်သိမ်းခြင်းသို့မဟုတ် ပြင်ဆင်ခြင်းပြုလုပ်နိုင်သော အခွင့်အာဏာရှိနေပါသည်။ သို့ရာတွင် ဥပဒေများကို ရေးဆွဲခြင်း၊ ပြန်လည်သုံးသပ်ခြင်းနှင့် ပြင်ဆင်ခြင်းလုပ်ငန်းစဉ်များတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် တိုင်ပင်ပြုလုပ်ရန် ပွင့်လင်းမြင်သာမှုနှင့် ပြုလုပ်လိုသော နိုင်ငံရေးဆန္ဒတို့ ကင်းမဲ့နေပါသည်။

၂၀၂၀ နိုဝင်ဘာလတွင် ကျင်းပရန်ရှိနေသော ရွေးကောက်ပွဲများအတွက် ပြင်ဆင်နေချိန်တွင် အရပ်ဘက်အစိုးရရော စစ်တပ်ဘက်မှပါ အာဏာပိုင်များအနေနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းနှင့် ပြည်သူလူထုတို့က ၎င်းတို့၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ဖွဲ့စည်းခွင့်နှင့် ငြိမ်းချမ်းစွာ စုဝေးခွင့်အခွင့်အရေးများကို ကျင့်သုံးနိုင်သည့် ပတ်ဝန်းကျင်အခြေအနေများရရှိအောင် ဖန်တီးပေးရမည်ဖြစ်သည်။ အခြေအနေများ မပြောင်းလဲဘဲ အစိုးရကလည်း စစ်မှန်ပြီး အဓိပ္ပါယ်ပြည့်ဝသည့် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် စိတ်ဆန္ဒ သံန္နိဋ္ဌာန်မရှိလျှင် ယခုအစီရင်ခံစာတွင် ပါရှိသည့် အမှုအခင်းမျိုးများ ဆက်လက် ဖြစ်ပွားနေဦးမည်သာဖြစ်သည်။

# အခြေခံဥပဒေပြင်ဆင်ရေး တက်ကြွလှုပ်ရှားသူ

**ရာဇဝတ်ကျင့်ထုံးဥပဒေ** - ပုဒ်မ ၅ဝ၅ (က)

**မြန်မာနိုင်ငံအရှေ့တောင်ပိုင်း တနင်္သာရီဒေသတွင် ငြိမ်းချမ်းစွာလူထုစည်းဝေးပွဲများပြုလုပ်ပြီး နိုင်ငံရေးတွင် စစ်တပ်ပါဝင်နေမှုကို အဆုံးသတ်ရေးအတွက် ဟောပြောခဲ့မှုဖြင့် အခြေခံဥပဒေပြုပြင်ပြောင်းလဲရေး အတွက် တက်ကြွလှုပ်ရှားသူ သုံးဦးမှာ တပ်မတော်သားများကို ၎င်းတို့၏တာဝန်မထမ်းဆောင်နိုင်စေရန် လှုံ့ဆော်မှုစွဲချက်များဖြင့် တရားစွဲဆိုခံထားရပါသည်။ ယင်းတို့ထဲမှ နှစ်ဦးမှာ အာမခံဖြင့် တရားဆက်လက်ရင်ဆိုင်နေရပြီး နောက်တစ်ဦးမှာ နောက်ထပ် လူထုစုဝေးပွဲတစ်ခုတွင် အလားတူ ဟောပြောခဲ့မှုကြောင့် ဖမ်းဆီးတရားစွဲဆို ထောင်ချခံထားရပါသည်။ ယခုအမှုတွင် အပြစ်ရှိကြောင်း စီရင်ခံရပါက ထောင်ဒဏ်နှစ်နှစ်အထိ ကျခံရနိုင်ပါသည်။**



၂ဝ၁၉ ဧပြီလ ၃ ရက်နေ့တွင် **ဦးကြီးမြင့်၊ ဦးစောဝေ**နှင့် **ဦးနေမျိုးဇင်**တို့သည် မြန်မာနိုင်ငံအရှေ့တောင်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့တွင်ပြုလုပ်သည့် လူထုဟောပြောပွဲတစ်ခုကို တက်ရောက်ခဲ့ကြသည်။ လူ ၇ဝဝ ခန့်တက်ရောက်သည့် ယင်းစုဝေးပွဲတွင် ၎င်းတို့က စပ်တပ်၏ နိုင်ငံရေးတွင် ပါဝင်ပတ်သက်နေမှုကို ဝေဖန်ပြီး အခြေခံဥပဒေကို ပြင်ဆင်ရန် တောင်းဆိုခဲ့သည်။ လူ့အခွင့်အရေးရှေ့နေတစ်ဦးဖြစ်သည့် ဦးကြီးမြင့်က ပြည်သူများကို ကာကွယ်ရန်နှင့် စစ်တပ်က အာဏာမသိမ်းနိုင်ရန် အခြေခံဥပေဒကို ပြင်ဆင်ဖို့ တောင်းဆိုဟောပြောခဲ့သည်။ ထင်ရှားသည့် ကဗျာဆရာတစ်ဦးဖြစ်သူ ဦးစောဝေက ကဗျာတစ်ပုဒ်ကို ရွတ်ဆိုပြီး တက်ရောက်လာသူများအား "ဆိုးဝါးသည့်ဥပဒေများကို ဆန့်ကျင်ကြ" ဟူ၍ ကြွေးကြော်ရန်စေခိုင်းခဲ့သည်။ အန်အယ်ဒီ ဦးဆောင်သည့် လက်ရှိအစိုးရက စစ်တပ်၏ နိုင်ငံရေးတွင် ပါဝင်ပတ်သက်နေမှုကို လျှော့ချနိုင်ရန် အခြေခံဥပဒေကို ပြင်ဆင်နိုင်ရေးကြိုးပမ်းလျှက်ရှိသော်လည်း ယခုအထိ မအောင်မြင်သေးပါ။

ယင်းဟောပြောပွဲအပြီး ခြောက်လကျော်ကြာချိန် ၂ဝ၁၉ အောက်တိုဘာလ ၁၇ ရက်နေ့တွင် ကမ်းရိုးတန်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး ဇော်ဇော်က ၎င်းတို့ သုံးဦးအား ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၅ဝ၅ (က) ဖြင့်တရားစွဲဆိုခဲ့သည်။ ယင်းပုဒ်မမှာ ကြည်း ရေ လေ တပ်ဖွဲ့တစ်ခုခုမှ အရာရှိ သို့မဟုတ် တပ်သားအား စစ်ပုန်ကန်ခြင်းကိုသော်လည်းကောင်း၊ မိမိ၏ တာဝန်ဝတ္တရားထမ်းဆောင်ခြင်းကို ပျက်ကွက်စေရန်သော်လည်းကောင်း ကောလဟာကိုဖြစ်စေ၊ သတင်းကိုဖြစ်စေ ထုတ်ပြန်ကြေညာခြင်း မပြုလုပ်ရန် တားမြစ်ထားသော ပုဒ်မဖြစ်သည်။ ၂ဝ၁၉ခုနှစ် အစောပိုင်းမှစ၍ ထောင်ဒဏ် နှစ်နှစ်အထိ ချမှတ်နိုင်သော ယင်းပုဒ်မကို စစ်တပ်က ၎င်းအားဝေဖန်သူများကို တရားစွဲရန် ပိုမိုအသုံးပြုလာကြောင်း တွေ့ခဲ့ရသည်။

တရားရုံးမှ အမှုကို ၂ဝ၂ဝ ဇန်နဝါရီလ ၂ဝ ရက်နေ့က စတင်ကြားနာခဲ့သည်။ ဖေဖော်ဝါရီလ ၃ ရက်နေ့က ပြုလုပ်ခဲ့သော ရုံးချိန်းတွင် တရားသူကြီးက ဦးကြီးမြင့်နှင့် ဦးစောဝေတို့ကို ၎င်းတို့၏ ကျန်းမာရေးအခြေအနေကို ထောက်ထား၍ အာမခံပေးခဲ့သည်။ ဦးကြီးမြင့်က ဆီးချို၊ သွေးတိုးနှင့် ကျောက်ကပ် ဝေဒနာများခံစားနေရပြီး ဦးစောဝေမှာ နှလုံးရောဂါခံစားနေရသူ ဖြစ်သည်။ သို့သော် ၂ဝ၁၉ ဧပြီလ ၁ရက်နေ့က ရန်ကုန်မြို့တွင်ပြုလုပ်ခဲ့သော ဟောပြောပွဲတစ်ခုတွင် အခြေခံဥပဒေပြုပြင်ရေးကို တောင်းဆိုခဲ့သော ဗိုလ်ကြီးဟောင်းဦးနေမျိုးဇင်မှာ ထောင်ဒဏ် တစ်နှစ်ကျခံနေရပြီး ဖြစ်ပါသည်။ ၂ဝ၁၉ ဧပြီလ ၁၉ ရက်နေ့တွင် အဖမ်းခံခဲ့ရ၍ အင်းစိန်ထောင်တွင် ချုပ်နှောင်ခံထားရပြီး ပုဒ်မ ၅ဝ၅ (က) ကိုချိုးဖောက်မှုဖြင့် စက်တင်ဘာလ ၂ဝ ရက်နေ့က ထောင်ဒဏ် တစ်နှစ်ပြစ်ဒဏ်ချခံထားရသည်။ သူသည် ဧရာဝတီနှင့် စစ်ကိုင်းတိုင်းများတွင်လည်း အလားတူဟောပြောမှုများကြောင့် ပုဒ်မ ၅ဝ၅ (က) နှင့် နောက်ထပ် အမှုနှစ်မှုလည်း ရင်ဆိုင်နေရပါသည်။ ၎င်းသည် ကော့သောင်းထောင်တွင် ဇန်နဝါရီလ ၁၃ ရက်နေ့တွင်ပြောင်းရွှေ့ပြစ်ဒဏ်ကျခံရသည်။

# “ကျွန်တော့်မှာ ကဗျာ လက်နက်ပဲရှိတာပါ။

## အဲဒါနဲ့ပဲ ကျွန်တော် ဆက်တိုက်မယ်၊ အရှုံးပေးမှာ မဟုတ်ပါဘူး။”

စစ်တပ်အားအာဏာပေးထားသော ၂၀၀၈ အခြေခံဥပဒေကို ပြင်ဆင်ရေးအတွက် တောင်းဆိုသည့် ငြိမ်းချမ်းသောလူထုစုဝေးပွဲတစ်ခုတွင် ကဗျာရွတ်ဆိုခဲ့မှုဖြင့် ထောင်ဒဏ် နှစ်နှစ်အထိ ကျခံရနိုင်သည့်အမှုရင်ဆိုင်နေရသည့်ကဗျာဆရာစောဝေ

## ဆက်နွှယ်နေသောအမှု – မိုးကျော်သူ

ရာဇဝတ်ကျင့်ထုံးဥပဒေ - ပုဒ်မ ၅၀၀

၂၀၂၀ ဇန်နဝါရီ ၂၃ ရက်နေ့က **ကိုမိုးကျော်သူ** ကလောင်အမည် မာန် သည် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း တနင်္သာရီဒေသကြီး မြိတ်မြို့တွင် ၂၀၁၉ မေလ ၉ ရက်နေ့က ပြုလုပ်ခဲ့သော ငြိမ်းချမ်းသည့် လူထုစုဝေးပွဲတစ်ခုတွင် အခြေခံဥပဒေပြင်ဆင်ရေးအတွက် ဟောပြောခဲ့မှုကြောင့် အသရေဖျက်မှုနှင့် တရားစွဲဆိုခံခဲ့ရပါသည်။

သူသည် ၂၀၁၉ မတ်လမှစ၍ နိုင်ငံတဝန်းကျင်းပခဲ့သော အလားတူ လူထုစုဝေးပွဲများတွင် ၂၀၀၈ ခုနှစ် အခြေခံဥပဒေကို ပြင်ဆင်ရန်နှင့် နိုင်ငံရေးတွင် စစ်တပ်က ပါဝင်ပတ်သက်မှုကို အဆုံးသတ်ရန် တောင်းဆို ဟောပြောခဲ့သည်။ မြိတ်မြို့တွင်ကျင်းပသော စုဝေးပွဲတွင် သူက ပြီးခဲ့သည့်အပတ်က မြို့ကို လာရောက်သွားပြီး ဒေသခံများကို ဒေါသထွက်စေသည့် တရားဟောပြောသွားသည့် တင်းမာသည့် အမျိုးသားရေးဝါဒီ သံဃာတစ်ပါးကိုလည်း ဝေဖန်ပြောကြားခဲ့သည်။

ကိုမိုးကျော်သူသည် မေလတွင်လည်း ဆက်လက်၍ အခြေခံဥပေဒပြင်ဆင်ရေး လူထုစည်းဝေးပွဲများတွင် ဟောပြောမှုများ ပြုလုပ်ခဲ့သည်။ သို့သော် သူ့အား မြိတ်မြို့တွင် ဟောပြောခဲ့မှုနဲ့ ပတ်သက်ပြီး ကမ်းရိုးတန်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး ကျော်မင်းဦးက ၂၀၁၉ ဇွန်လ ၄ ရက်နေ့တွင် မြိတ်မြို့နယ်တရားရုံးတွင် တရားစွဲဆိုခဲ့သည်။ ယင်းသို့စွဲဆိုခံရကြောင်းကို ကိုမိုးကျော်သူက ချက်ခြင်းမသိခဲ့ရပဲ နောက်တစ်နေ့တွင်မှာ သတင်းသမားတစ်ယောက်ဆက်သွယ်လာမှ သိခဲ့ရသည်။ ၄င်းအား စွဲဆိုထားမှုကို ရဲဘက်မှ ဇွန်လ ၂၀ ရက်နေ့တွင်မှ တရားဝင်အကြောင်းကြားလာခဲ့ပါသည်။

ကိုမိုးကျော်သူအပေါ် ကနဦးတိုင်တန်းချက်မှာ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၀၅ (က) စစ်တပ်တပ်ဖွဲ့ဝင်များအား တာဝန်ဝတ္တရားထမ်းဆောင်မှု ပျက်ကွက်စေရန် လှုံ့ဆော်မှုဖြင့် ဖြစ်သည်။ သို့ရာတွင် နောက်ပိုင်းတွင် ပုဒ်မ ၅၀၀ အသရေဖျက်မှုအဖြစ်ပြောင်းလဲ စွဲဆိုခဲ့သည်။ တရားရုံးက အမှုကို စတင်ကြားနာသည့် စက်တင်ဘာလ ၂၄ ရက်နေ့တွင် သူ့ကို အာမခံပေးခဲ့သည်။ သို့ရာတွင် နောက်ပိုင်း ရုံးချိန်းများသို့ နှစ်ပတ် တစ်ကြိမ် မှ တစ်ပတ်တစ်ကြိမ် ရန်ကုန်ရှိ ၄င်း၏နေအိမ်မှ တရားရုံးရှိရာ မြိတ်မြို့သို့ အပတ်စဉ်သွားရောက် နေခဲ့ရသည်။ “ရုံးချိန်းတွေကို သွားရတာ ပင်ပန်းတယ်၊ အချိန်ကုန်တယ်၊ ငွေလည်း ကုန်တယ်”ဟု ကိုမိုးကျော်သူက ၂၀၁၉ ဒီဇင်ဘာလက အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ကို ပြောခဲ့သည်။ “ဒီအမှုစဖြစ်ကတည်းက ဟောပြောပွဲတွေမှာ လာပြောပေးဖို့ ဖိတ်တာတွေလည်း မရှိတော့ဘူး”။ ၂၀၂၀ ဇန်နဝါရီလ ၂၃ ရက်နေ့တွင် တရားရုံးက ကိုမိုးကျော်သူတွင် အပြစ်ရှိကြောင်း ဆုံးဖြတ်ပြီး ဒဏ်ငွေ သုံးသောင်းကျပ် (၂၁ ဒေါ်လာ) ပေးဆောင်ရန် အမိန့်ချခဲ့သည်။

အပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေအရ ရာဇဝတ်မှုနှင့် တရားစွဲဆိုခံရသူတိုင်းသည် ၄င်းတို့အားစွဲဆိုသောအမှုနှင့် ပတ်သက်ပြီး အမှု၏ အနေအထား၊ မည်သည့်အတွက်ကြောင်း စွဲဆိုသည် ဆိုသော အချက်များကို အသေးစိတ် ချက်ခြင်း သိခွင့်ရရန်လိုအပ်ပါသည်။ စွဲဆိုချက်များနှင့် ပတ်သက်၍ စာဖြင့် ပြည့်စုံစွာအကြောင်းကြားရမည်ဖြစ်ပြီး နှုတ်ဖြင့်အသိပေးပါကလည်း နောက်တွင် စာဖြင့် အတည်ပြုပြောကြားရမည် ဖြစ်သည်။ ကိုမိုးကျော်သူကို ၄င်းအားစွဲဆိုသော အမှုနှင့် ပတ်သက်ပြီး အသိပေးရန်ပျက်ကွက်သည့်အတွက် မြန်မာအာဏာပိုင်များသည် အထက်ဖော်ပြပါအခွင့်အရေးကို ၄င်းအား ပေးအပ်ခြင်းမရှိ ချိုးဖောက်သည့်အပြင် အမှုနှင့်ပတ်သက်ပြီး ခုခံချေပရန်အတွက် လုံလောက်သည့်အချိန်နှင့် ပြင်ဆင်မှုမရနိုင်ပဲဖြစ်စေခဲ့သည်။ ယင်းအချက်မှာလည်း အပြည်ပြည်ဆိုင်ရာ ဥပဒေကပေးအပ်ထားသော အခွင့်အရေးဖြစ်ပြီး တရားမမျှတသည့် စွဲဆိုမှုများမပြုလုပ်နိုင်ရန် ပေးထားသည့် အရေးကြီး အကာအကွယ်တစ်ခုလည်း ဖြစ်သည်။

# “ဒေါင်းတို့မျိုးဆက်”

**ရာဇဝတ်ကျင့်ထုံးဥပဒေ** - ပုဒ်မ ၅၀၅ (က)
**ဆက်သွယ်ရေးဥပဒေ** - ပုဒ်မ ၆၆ (ဃ)



Photos © Mauk Kham Wah

**“ဒေါင်းတို့မျိုးဆက်” သံချပ်အဖွဲ့မှ အဖွဲ့ဝင် ခြောက်ဦးမှာ စစ်တပ်ကို ဝေဖန်သော သံချပ်ထိုးဖျော်ဖြေမှုများ ပြုလုပ်ခဲ့အပြီးတွင် နှစ်နှစ်မှ သုံးနှစ်အထိ ထောင်ဒဏ်အသီးသီးချမှတ်ခံခဲ့ရသည်။ ယင်းဖျော်ဖြေမှုထဲမှ တချို့ကို အွန်လိုင်းပေါ်တင် ထုတ်လွှင့်ခဲ့သည့်အတွက် အဖွဲ့ဝင်တချို့မှာ အွန်လိုင်းပေါ်မှ အသရေဖျက်မှုဖြင့်လည်း ထပ်မံစွဲဆိုခံခဲ့ရသည်။ ၎င်းတို့အားလုံးယခု အင်းစိန်ထောင်တွင် ပြစ်ဒဏ်ကျခံနေရပါသည်။**

၂၀၁၉ ဧပြီလတွင် ဒေါင်းတို့မျိုးဆက် သံချပ်အဖွဲ့ဝင်များသည် မြန်မာနိုင်ငံတွင် သံချပ်ဖျော်ဖြေမှုများ ပြုလုပ်ခဲ့သည်။ သံချပ်သည် ကဗျာ၊ ဟာသ၊ သီချင်းဂီတတို့ ပေါင်းစပ်ထားသော ရိုးရာအနုပညာဖျော်ဖြေမှု ပုံစံတစ်ခုဖြစ်ပြီး ဧပြီလ မြန်မာ့နှစ်သစ်ကူး သင်္ကြန်ကာလနှင့် အခြားပွဲတော်ကာလများတွင် ဖျော်ဖြေတင်ဆက်လေ့ရှိကြသည်။ ယင်းသို့ဖျော်ဖြေရာတွင် ဒေါင်းတို့မျိုးဆက်အဖွဲ့ဝင်များက စစ်တပ်ယူနီဖောင်းများဝတ်ပြီး မြန်မာစစ်တပ်ကို ဝေဖန်ခဲ့ကြသည်။ ယင်းဖျော်ဖြေမှုများထဲမှ အချို့ကို ဆိုရှယ်မီဒီယာပေါ်သို့ တိုက်ရိုက်ထုတ်လွှင့်ခဲ့ကြသည်။

> **“လူ့အဖွဲ့အစည်းမှာ လွဲမှားနေတာကိုထောက်ပြဖို့ သံချပ်ထိုးတာပါ။ ကျွန်တော်တို့ကိုစွဲတဲ့ ဥပဒေက မတရားဘူး။ အနုပညာသမားတွေအနေနဲ့ တရားမမျှတမှုကိုဆက်ပွဲဝင်သွားမှာပဲ။ ဆက်ဖျော်ဖြေသွားမှာပဲ၊ လွတ်လပ်စွာ ထုတ်ဖော်ခွင့်ကို ဆက်ကျင့်သုံးမှာပဲ။”**
>
> သံချပ်ထိုးခြင်းကြောင့် ထောင်ဒဏ် ၆လ ချမှတ်ခံရသော ဒေါင်းတို့မျိုးဆက်အဖွဲ့ဝင် ကိုငြိမ်းချမ်းစိုး

ယင်းသို့ ဖျော်ဖြေမှုများ ပြုလုပ်ခဲ့ပြီး မကြာခင်မှာပင် စစ်တပ်က သံချပ်အဖွဲ့ဝင်များကို ရာဇဝတ်ကြောင်းများဖြင့် တရားစွဲဆိုခဲ့ပြီး ဧပြီလနှင့် မေလအတွင်းတွင် အဖွဲ့ဝင် ခုနစ်ဦးမှာ အဖမ်းခံခဲ့ကြရသည်။ ယင်းတို့ထဲမှ **ကိုပိုင်ဖြိုးမင်း၊ ကိုပိုင်ရဲသူ၊ မကေခိုင်ထွန်း၊ မဆုရတနာမြင့်၊ ကိုဇေယျာလွင်နှင့် ကိုဇော်လင်းထွဋ်** တို့ ခြောက်ဦးမှာ တပ်မတော်သားများကို သွေးထိုးလှုံ့ဆော်မှု ပုဒ်မ ၅၀၅ (က) ဖြင့်တရားစွဲဆိုခံခဲ့ရသည်။ ခြောက်ဦးစလုံးကို ဗိုလ်တစ်ထောင်မြို့နယ်တရားရုံးမှ စွဲဆိုခဲ့သည်။ ငါးဦးမှာ ယင်းပုဒ်မ ဖြင့်ပင် မရမ်းကုန်းမြို့နယ်တရားရုံးတွင် စွဲဆိုခံခဲ့ကြရသည်။ ၂၀၁၉ အောက်တိုဘာ ၃၀ ရက်နေ့နေ့တွင် မရမ်းကုန်းမြို့နယ်တရားရုံးက ငါးဦးကို ထောင်ဒဏ် တစ်နှစ်စီ ပြစ်ဒဏ်ချခဲ့သည်။ နိုဝင်ဘာလ ၁၈ ရက်နေ့တွင် ယင်းတို့ငါးဦးနှင့် နောက်ထပ်တစ်ဦးတို့ကို ဗိုလ်တစ်ထောင်မြို့နယ်တရားရုံးက ထောင်ဒဏ်တစ်နှစ်စီ ချခဲ့သည်။

အဖွဲ့ဝင် ခုနစ်ဦးမှာ ယင်းတို့၏ ဖျော်ဖြမှု ဗီဒီယိုများကို အွန်လိုင်းတွင်တင်၍ မျှဝေခဲ့ခြင်းကြောင့် အွန်လိုင်းပေါ်မှ အသရေဖျက်မှု ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆ (ဃ) နှင့်လည်း တရားစွဲဆိုခံထားရသည်။ ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် မရမ်းကုန်းမြို့နယ်တရားရုံးက အစောပိုင်းက ထောင်ဒဏ်ပြစ်ဒဏ်ချခံထားရပြီးသော ဒေါင်းတို့မျိုးဆက်အဖွဲ့ဝင် ခြောက်ဦးကို နောက်ထပ် ထောင်ဒဏ် ခြောက်လစီ ပြစ်ဒဏ်ချခဲ့သည်။ သတ္တမမြောက် တရားစွဲဆိုခံခဲ့ရသူ **ကိုငြိမ်းချမ်းစိုး**ကိုမူ အပြစ်မရှိကြောင်း ဆုံးဖြတ်ပြီး လွှတ်ပေးခဲ့သည်။ တစ်ခါ ၂၀၂၀ ဖေဖေါ်ဝါရီလ ၁၇ ရက်နေ့တွင် ဗိုလ်တစ်ထောင်မြို့နယ်တရားရုံးက ၎င်းတို့အထဲမှ သုံးဦးကို အွန်လိုင်းပေါ်မှ အသရေဖျက်မှု ပုဒ်မဖြင့် ထပ်မံစွဲဆို စီရင်ပြီး နောက်ထပ် ထောင်ဒဏ် ခြောက်လစီ ချမှတ်ခဲ့သည်။ ယနေ့အချိန်တွင် ဒေါင်းတို့မျိုးဆက်သံချပ်အဖွဲ့ဝင် ခြောက်ဦးမှာ ရန်ကုန်ရှိ အင်းစိန်အကျဉ်းထောင်တွင် ထောင်ဒဏ် နှစ်နှစ်မှ သုံးနှစ်အထိ အသီးသီးပြစ်ဒဏ်ကျခံနေရပါသည်။ သူတို့အားလုံးမှာ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများဖြစ်သည်။

ဒေါင်းတို့မျိုးဆက်အဖွဲ့ဝင်များကို တရားစွဲဆိုသောအမှုများကို လက်ရှိစစ်တပ်တွင် တာဝန်ထမ်းဆောင်နေသော အရာရှိတစ်ဦးက စွဲဆိုခဲ့ခြင်းဖြစ်သည်။ ယင်းသို့တရားစွဲဆိုမှုတွင် စစ်တပ်ထိပ်ပိုင်းအရာရှိကြီးများ ပါဝင်ပတ်သက်နေသလား၊ ၎င်းတို့၏ ညွှန်ကြားချက်ပါရှိသလားဆိုသည်ကို သေချာပေါက်ပြောရန်ခက်ခဲသော်လည်း မြန်မာနိုင်ငံတွင် စစ်တပ်ကို ဝေဖန်ခြင်းမှာ အတော်လေး အတိမ်းအစောင်းမခံနိုင်သောကိစ္စဖြစ်နေဆဲ ဆိုသည်ကို ရှင်းရှင်းလင်းလင်း တွေ့ရသည်။ ပြည်တွင်းနှင့် နိုင်ငံတကာမှ ဝေဖန်မှုများ ကျယ်ကျယ်ပြန့်ပြန့်ရှိနေသည့်ကြားမှ ဒေါင်းတို့မျိုးဆက်သံချပ်အဖွဲ့ကို ဆက်တိုက်ပစ်မှတ်ထား တရားစွဲဆိုမှုများပြုလုပ်ခဲ့သည် ကို ကြည့်လျှင် စစ်တပ်၏ ဩဇာအာဏာဆက်လက်ကြီးမား ကျယ်ပြန့်နေသည်ကို ပြနေပြီး သဘောထားကွဲလွဲမှုများကို ဖိနှိပ်သည့် ဥပဒေများအလျှင်အမြန်သုံးပြီး နှိပ်ကွပ်နိုင်နေခြင်းကိုလည်း တွေ့ရပါသည်။



## “အစိုးရအနေနဲ့ စစ်တပ်ကို အရေးယူပြီး အတိုက်အခံတွေနဲ့ သာမန်လူတွေကို တရားစွဲနေတာတွေကို ရပ်တံ့စေသင့်တယ်။”

နန်းလင်း - ဒေါင်းတို့မျိုးဆက်အဖွဲ့ဝင်၏ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့အား ၂၀၁၉ ဒီဇင်ဘာလတွင် ပြောကြားချက်

### ဆက်နွယ်နေသောအမှု – “ဒေါင်းတို့ မျိုးဆက်” ကို ထောက်ခံအားပေးသူများ

**ရာဇဝတ်ကျင့်ထုံးဥပဒေ** - ပုဒ်မ ၃၃၂၊ ပုဒ်မ ၃၅၃

ဒေါင်းတို့မျိုးဆက်အဖွဲ့ဝင်များကို ဖမ်းဆီးမှုအား ရန်ကုန်မြို့ရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းမှ တက်ကြွလှုပ်ရှားသူများက ပြင်းထန်စွာ ကန့်ကွက်ခဲ့ကြသည်။ ဖမ်းဆီးခံရသူများအား ထောက်ခံမှုကို ပြသည့်အနေနှင့် ၂၀၁၉ မေလ ၂၀ ရက်နေ့တွင် တက်ကြွလှုပ်ရှားသူ အုပ်စုတစ်စုက ဗိုလ်တစ်ထောင်မြို့နယ်တရားရုံးရှိ ရုံးချိန်းကို တက်ရောက်ခဲ့သည်။ ဖမ်းဆီးခံထားရသူများသည် တရားရုံးသို့ နေ့လယ် ၁ နာရီတွင် ရောက်လာရန်ဖြစ်သော်လည်း နှစ်နာရီခန့်နောက်ကျနေခဲ့သည်။ တရားရုံးသို့ရောက်လာသောအခါ ၎င်းတို့က နောက်ကျနေရခြင်းမှာ ရဲများက ၎င်းတိုအား တရားရုံးသို့ ခေါ်လာရန် အတင်း အင်အားသုံး၍ လက်ထိပ်ခတ်ခဲ့ခြင်းကြောင့်ဟု ပြောကြသည်။ ရဲများက မဆုရတနာမြင့်ကို တရားရုံးတွင်းသို့ ဝင်ရန် တွန်းထိုးသောအခါ ရုန်းရင်းဆန်ခပ်ဖြစ်သွားပြီး တွန်းထိုးမှုများဖြစ်ခဲ့သည်။ ရဲတပ်ဖွဲ့ဝင်တစ်ဦး၏ နှာခေါင်းနှင့် အထက်နှုတ်ခမ်းတို့တွင် ဒဏ်ရာ အနည်းငယ်ရရှိသွားခဲ့သည်ဟုဆိုသည်။

ယင်းဖြစ်ရပ်နှင့် ပတ်သက်ပြီး အခင်းဖြစ်သည့်နေရာတွင် ရှိနေသည့် “ဒေါင်းတို့ မျိုးဆက်” ကို ထောက်ခံအားပေးသူများဖြစ်သည့် **မနီလာသိန်း၊ ကိုနိုင်သူ၊ ကိုမင်းဟန်ထက်၊ ကိုနန်းလင်းနှင့် မသျှားယမုန်**တို့ငါးဦးကို တရားစွဲခဲ့သည်။ ၎င်းတို့အား ကနဦးတွင် ပုဒ်မ ငါးခုဖြင့်စွဲဆိုခဲ့ပြီး နောက်ပိုင်းတွင် ပုဒ်မ ၃၃၂ ပြည်သူ့ဝန်ထမ်းအား ဝတ္တရားထမ်းဆောင်မှုမှ ပျက်ကွက်စေရန် မိမိသဘောနှင့်နာကျင်စေမှုနှင့် ပုဒ်မ ၃၅၃ ပြည်သူ့ဝန်ထမ်းအား ဝတ္တရားထမ်းဆောင်မှုမှ ပျက်ကွက်စေရန် လက်ရောက်မှုကျူးလွန်ခြင်း တို့ဖြင့် စွဲဆိုခဲ့သည်။ ယင်းပုဒ်မများမှာ ထောင်ဒဏ် သုံးနှစ်နှင့် နှစ်နှစ် အသီးသီးချမှတ်နိုင်သော ပုဒ်မများဖြစ်သည်။ ၎င်းတို့သည် ဤအမှုများအတွက် အာမခံရရှိထားပါသည်။




Peacock Generation performers © Peacock Generation

# ကလေးစစ်သားဟောင်းအား ထောက်ခံသူများ

**ရာဇဝတ်ကျင့်ထုံးဥပဒေ** - ပုဒ်မ ၅ဝ၅ (ခ)၊ ပုဒ်မ ၁၅၃
**နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ဥပဒေ** - ပုဒ်မ ၇

**မနေဇာထွန်း၊ မခင်ချိုနိုင်နှင့် ကိုမြင့်ဇော်တို့သည် မနေဇာထွန်း၏မောင်ဖြစ်သူ ကလေးစစ်သားဟောင်း ကိုအောင်ကိုထွေးအား နိုင်ငံရေးရည်ရွယ်ချက်ဖြင့် တရားစွဲဆိုသည်ကိုငြိမ်းချမ်းစွာဆန့်ကျင် ဆန္ဒပြသဖြင့် ထောင်ဒဏ် ၁၂လနှင့် ၁၈လကြား ကျခံနေရပါသည်။ ကိုအောင်ကိုထွေးသည် မိမိအား စစ်တပ်ထဲသို့အတင်းအဓမ္မစုဆောင်းခံရသည့်အတွေ့အကြုံကို သတင်းမီဒီယာ တွင်ဖြေကြားခဲ့သဖြင့် ၂ဝ၁၇ ခုနှစ် ဩဂုတ်လတွင်ဖမ်းဆီးခံခဲ့ရသည်။ သူ့အားထောက်ခံသူ သုံးဦးသည် ၎င်းတို့၏ ထောင်ဒဏ်ပြစ်ဒဏ်များကို အင်းစိန်ထောင်တွင်ကျခံနေရပါသည်။**



၂ဝ၁၈ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်နေ့တွင် မနေဇာထွန်း၊ မခင်ချိုနိုင်နှင့် ကိုမြင့်ဇော် အပါအဝင် လူ ၁၅ ဦးခန့်သည် ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ်တရားရုံးရှေ့တွင် ငြိမ်းချမ်းစွာ ဆန္ဒပြခဲ့ကြသည်။ ကလေးစစ်သားဟောင်း ကိုအောင်ကိုထွေးက မီဒီယာအင်တာဗျူးတစ်ခုတွင် သူ့အား ကလေးဘဝတွင်ပင် စစ်တပ်ထဲသို့ အတင်းအဓမ္မသွင်းခံခဲ့ရသော အတွေ့အကြုံများကို ပြောပြခဲ့သဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅ဝ၅ (ခ)  အရ “ဆူပူအောင်လှုံ့ဆော်မှု” ဖြင့် စွဲချက်တင်ရန် တရားသူကြီးက ဆုံးဖြတ်ခဲ့ခြင်းအပေါ် ကန့်ကွက် ဆန္ဒပြခဲ့ကြခြင်းဖြစ်သည်။ တရားမမျှတဘူးဟု ယူဆကာ ဒေါသထွက်နေကြသော ဆန္ဒပြသူတချို့က တရားသူကြီးကို ““ဆင်ခြင်တုံတရားမရှိတဲ့ နွား” ဟုခေါ်ခဲ့ကြပြီး အခြေခံဥပဒေစာအုပ် မိတ္တူကို ခြေဖြင့်တက်နင်းခဲ့ကြသည်။

နောက်တစ်နေ့တွင် ရဲက ဆန္ဒပြပွဲကို ဦးဆောင်သည်ဆိုကာ **ဒေါ်လေးလေးနှင့် ကိုနောင်နောင်** တို့ နှစ်ဦးကို ဖမ်းဆီးခဲ့သည်။ နှစ်ဦးစလုံးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅ဝ၅ (ခ) “ဆူပူအောင်လှုံ့ဆော်မှု”၊ ပုဒ်မ ၁၅၃ “ရန်စခြင်းဖြင့် ရုန်းရင်းဆန်ခတ်ဖြစ်အောင် ကြံစည်ပြုလုပ်မှု” တို့ဖြင့် တရားစွဲဆိုကာ ၁၈ လစီ ထောင်ဒဏ် ပြစ်ဒဏ်ချခဲ့သည်။ ယခုအခါ နှစ်ဦးစလုံး ပြစ်ဒဏ်များ ကျခံပြီးစီးခဲ့ပြီးလွတ်မြောက်ပြီဖြစ်သည်။ ယင်းတို့နှင့် အမှုတွဲ တရားစွဲဆိုခံရသူသုံးဦးမှာ ရှောင်တိမ်းနေခဲ့သည်။

ယင်းဆန္ဒပြပွဲ ဖြစ်ပြီး တစ်နှစ်ကျော်အကြာ ၂ဝ၁၉ မေလ ၇ ရက်နေ့တွင် သမ္မတ၏ အကျဉ်းသားများ လွတ်ငြိမ်းသက်သာခွင့် ပေးသည့်အထဲတွင် ပါလာပြီး ကိုအောင်ကိုထွေးလွတ်လာမလားဟု အင်းစိန်ထောင်ရှေ့တွင် သွားရောက်စောင့်ဆိုင်းနေစဉ် ကိုမြင့်ဇော်အဖမ်းခံလိုက်ရသည်။ မခင်ချိုနိုင်နှင့် မနေဇာထွန်းတို့က ၂ဝ၁၉ ဇွန်လ ၄ ရက်နှင့် ၁၉ ရက်နေ့များတွင် ရဲစခန်းသို့ အသီးသီးသွားရောက်အဖမ်းခံခဲ့ပြီး ၎င်းတို့အား အင်းစိန်ထောင်သို့ ပို့ကာ ချုပ်နှောင်ခဲ့သည်။

၂ဝ၁၉ ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် မနေဇာထွန်း၊ မခင်ချိုနိုင်နှင့် ကိုမြင့်ဇော်တို့ကို ပုဒ်မ ၅ဝ၅ (ခ) အရ ထောင်ဒဏ် တစ်နှစ်၊ ပုဒ်မ ၁၅၃ အရ ထောင်ဒဏ် ခြောက်လအသီးသီးချခဲ့ပြီး ထောင်ဒဏ်များကို တစ်ပေါင်းတည်းကျခံစေ အမိန့်ချခဲ့သည်။ မခင်ချိုနိုင်နှင့် ကိုမြင့်ဇော်တို့မှာ နိုင်ငံတော်အထိမ်းအမှတ် တံဆိပ် ဥပဒေ အပိုဒ် ၇ အရ နောက်ထပ်စွဲချက်တင်ခံရပြီး ထောင်ဒဏ် ခြောက်လစီ ထပ်မံချမှတ်ခံခဲ့ရသည်။

**“ကျွန်မ အောင်ကိုထွေးကို ဘာ့ကြောင့်ဝန်းရံခဲ့တာလဲဆိုတော့ သူကအတင်းအဓမ္မစစ်သားစု ဆောင်းခံရပြီး သူ့ရဲ့ငယ်စဉ်ဘဝကို ကလေးစစ်သားအနေနဲ့ ဖြတ်သန်းခဲ့ရတာ။ [သူ့ရဲ့အတွေ့အကြုံကို ထုတ်ဖော်ပြောဆိုတဲ့အတွက်] တရားစွဲခံရပြီး သူ့ရဲ့ အခွင့်အရေးတွေ လက်လွတ်ဆုံးရှုံးခဲ့ရတယ်။ ကျွန်မဘယ်လိုမှ သည်းမခံနိုင်တော့ဘူး။စစ်တပ်ကသာမန်လူတွေကို အကြောင်းမျိုးစုံနဲ့တရားစွဲလို့ရတယ်။ ဒါပေမယ့် လူတွေကစစ်တပ်ကို တာဝန်ခံမှု တာဝန်ယူမှုရှိအောင်လုပ်ဖို့ တူညီတဲ့အခွင့်အရေးမရှိဘူး။”**

ဒေါ်လေးလေး၊ ကလေးစစ်သားဟောင်း အောင်ကိုထွေးအပေါ် မတရားစွဲဆိုချက်များကို ကန့်ကွက်ဆန္ဒပြခဲ့သည့်အတွက် ထောင်ချခံခဲ့ရသူ။



## ဆက်နွယ်နေသော အမှု – အောင်ကိုထွေး

ရာဇဝတ်ကျင့်ထုံး ဥပဒေ - ပုဒ်မ ၅၀၅ (ခ) ၊ ပုဒ်မ ၂၂၈

**ကိုအောင်ကိုထွေး**ကို ၂၀၁၇ ဩဂုတ်လ ၁၈ ရက်နေ့တွင် ဖမ်းဆီးခံခဲ့ရသည်။ သူ့ပြစ်မှုမှာ ယင်းလ အစောပိုင်းက ထုတ်လွှင့်ခဲ့သော မီဒီယာအင်တာဗျူးတစ်ခုကြောင့် ဖြစ်သည်။ ယင်းအင်တာဗျူးတွင် ကိုအောင်ကိုထွေးက ကလေးစစ်သားဘဝနှင့် သူ၏ အတွေ့အကြုံများ၊ အသက် ၁၃ နှစ်အရွယ်တွင် အတင်းအဓမ္မစစ်တပ်ထဲ အသွင်းခံခဲ့ရပုံများကို ပြောကြားခဲ့သည်။ သူ့ကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၅၀၅ (ခ) “ဆူပူအောင်လှုံ့ဆော်မှု” ဖြင့် တရားစွဲဆိုခဲ့သည်။



Aung Ko Htwe © Steve Tickner/ Frontier Myanmar

ရန်ကုန်တိုင်း ဒဂုံဆိပ်ကမ်းမြို့နယ်တရားရုံးတွင် အမှုရင်ဆိုင်နေရစဉ်တွင် ကိုအောင်ကိုထွေးက တရားသူကြီးကို ဝေဖန်ခဲ့ပြီး တရားစီရင်ရေးစနစ်ကို အယုံအကြည်မရှိကြောင်း၊ နောက်ထပ် ရုံးချိန်းများတွင် ပူးပေါင်းဆောင်ရွက်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။ ယင်းအတွက်ကြောင့် ၄င်းအား တရားစီရင်မှု ဆောင်ရွက်နေသော ပြည်သူ့ဝန်ထမ်းအား တမင်စော်ကားခြင်း၊ သို့တည်းမဟုတ် ဝင်ရောက်နှောင့်ယှက်ခြင်း ပုဒ်မ ၂၂၈ ဖြင့် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်၌ တရားရုံးက ထောင်ဒဏ်ခြောက်လ ချမှတ်ခဲ့ သည်။

၂၀၁၈ မတ်လ ၂၈ ရက်နေ့တွင် ယင်းမြို့နယ်တရားရုံးကပင် သူ့အား ရာဇဝတ်ကျင့်ထုံး ဥပဒေ ပုဒ်မ ၅၀၅ (ခ) ဖြင့် ထောင်ဒဏ်နှစ်နှစ်ချခဲ့သည်။ ယင်းသို့ ၄င်းအား ပြစ်ဒဏ်ချမှတ်လိုက်သည်နှင့် ကိုအောင်ကိုထွေးက ဆန့်ကျင်ကန့်ကွက်သည့် အနေနှင့် မြန်မာ့ ၂၀၀၈ အခြေခံဥပဒေစာအုပ်ကို ခြေဖြင့်ချနင်းလိုက်သည်ဟုဆိုသည်။

ယင်းအတွက် အထူးဥပဒေဖြစ်သည့် နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ဥပဒေ ပုဒ်မ ၆၊ ၇ တို့ဖြင့် ထပ်မံတရားစွဲခံရသော်လည်း ကိုအောင်ကိုထွေးမှာ နောက်ပိုင်းတွင် ယင်းပုဒ်မအတွက် တရားသေလွတ်မြောက်ခဲ့သည်။ ထောင်ဒဏ်နှစ်နှစ်ကျော်ကျခံခဲ့ပြီးသည့်နောက် ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၆ ရက်နေ့က ပြန်လည်လွတ်မြောက်လာခဲ့ပါသည်။

# စစ်တပ်ကိုဝေဖန်ခဲ့သည့်ဘုန်းတော်ကြီး

**ရာဇဝတ်ကျင့်ထုံးဥပဒေ** - ပုဒ်မ ၅၀၀

**မန္တလေးမြို့မှ မြဝတီမင်းကြီးဆရာတော်ဟုလည်း အသိများသည့် ဘုန်းတော်ကြီး ဦးအရိယာဝံသဘိဝံသမှာ မီဒီယာအင်တာဗျူးတစ်ခုတွင် စစ်တပ်ကို ဝေဖန်ပြီး စစ်တပ်အရာရှိကြီးတစ်ဦးကို ဘာသာရေးအစွန်းရောက်အဖွဲ့တစ်ဖွဲ့အား ငွေကြေးမြောက်မြားစွာလှူဒါန်းခဲ့သည်ဟု စွပ်စွဲခဲ့မှုဖြင့် တပ်မတော်အရာရှိတစ်ဦးက ရာဇဝတ်မှုမြောက်သော အသရေဖျက်မှုစွဲချက်ကို ရင်ဆိုင်နေရပါသည်။ ဘုန်းတော်ကြီးမှာ ယခုလောလောဆယ် အာမခံဖြင့် အမှုရင်ဆိုင်နေရပါသည်။**

> **“ဘာသာရေးခေါင်းဆောင်တွေဆိုတာ အမှန်ကို ပြောပြီး၊ မှားနေတဲ့ဟာတွေကိုလည်း ထုတ်ပြောဖို့အတွက် ကျင့်ဝတ်ပိုင်းဆိုင်ရာ တာဝန်ရှိတယ်။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်တာ၊ ထုတ်ပြောရဲ ဝေဖန်ရဲသူတွေကို အသံတိတ်သွားအောင် လုပ်တာနဲ့ အစိုးရနဲ့ အာဏာပိုင်တွေဟာ အကျိုးဆက်ကို စိုးရိမ်စရာမလိုပဲ မဟုတ်မမှန်တာတွေကို လုပ်ခွင့်ရသွားလိမ့်မယ်။”**
>
> မြဝတီမင်းကြီး ဆရာတော် ဦးအရိယာဝံသဘိဝံသ၊ ဒီဇင်ဘာ ၂၀၁၉ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့သို့ပြောကြားချက်။



၂၀၁၉ ဇူလိုင်လ ၂၀ ရက်နေ့က မြန်မာနိုင်ငံက သတင်းမီဒီယာတစ်ခုဖြစ်သော ခေတ်သစ်မီဒီယာက မြဝတီမင်းကြီးဆရာတော်ဟု အသိများသည့် ဘုန်းတော်ကြီး **ဦးအရိယာဝံသဘိဝံသ**နှင့် အင်တာဗျူးတစ်ခုကို ဖော်ပြခဲ့သည်။ ယင်းအင်တာဗျူးတွင် ဘုန်းတော်ကြီးက တပ်မတော်အရာရှိကြီးတစ်ဦးက ယခင်က မဘသ (အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအသင်း) အမည်ဖြစ်စဉ်လှုပ်ရှားခဲ့ပြီး ယခုအခါ ဗုဒ္ဓဓမ္မပရဟိတဖောင်ဒေးရှင်းအမည်ဖြင့် ပြောင်းလဲဖွဲ့စည်းထားသော သဘောထားတင်းမာသည့် ဘာသာရေးအစွန်းရောက်အဖွဲ့တစ်ဖွဲ့အား ကျပ် သန်း ၃၀ (အမေရိကန်ဒေါ်လာ ၂၁၀၀၀ ခန့်) လှူဒါန်းခဲ့မှုကို ဝေဖန်ပြောကြားခဲ့သည်။ မြဝတီမင်းကြီးဆရာတော်က စစ်တပ်သည် လက်နက်အားကိုးဖြင့် ပြည်သူလူထုအား အနိုင်ကျင့်နေသည်ဟု စွပ်စွဲခဲ့ပြီး စစ်တပ်အား “သူခိုးများ” “ဓါးပြများ” ဟူ၍ ခေါ်ဝေါ်ခဲ့သည်။

၂၀၁၉ စက်တင်ဘာလ ၃ ရက်နေ့တွင် မန္တလေးအခြေစိုက် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး သော်တာထွေးက မြဝတီမင်းကြီးဆရာတော်အား ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၅၀၀ နှင့် ၅၀၅ (ခ) “ဆူပူအောင်လှုံ့ဆော်မှု”၊ “ရာဇဝတ်မှုမြောက်သော အသရေဖျက်မှု” တို့ဖြင့် မန္တလေး ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတွင် အမှုဖွင့်တိုင်ကြားခဲ့သည်။ တရားရုံးက ပုဒ်မ ၅၀၀ ဖြင့်စွဲဆိုမှုကို လက်ခံပြီး ၂၀၁၉ နိုဝင်ဘာ ၇ ရက်နေ့တွင် ပထမရုံးချိန်းကို စတင်ကြားနာခဲ့သည်။ ယင်းရုံးချိန်းတွင်ပင် ဆရာတော်အား အာမခံငွေ သိန်း ၁၀၀ (ဒေါ်လာ ၇၀၀၀ ဖြင့်) တရားရုံးက အာမခံပေးခဲ့သည်။ ရုံးတွင် ဆက်လက် တရားရင်ဆိုင်နေရပါသည်။

မြဝတီမင်းကြီးဆရာတော်သည် ယခင်ကလည်း စစ်တပ်နှင့် အမျိုးသားရေးအုပ်စုများကို ဝေဖန်ခဲ့သူဖြစ်သည်။ ၂၀၀၇ ခုနှစ်က မြန်မာနိုင်ငံအနှံ့ လူများနှင့် သံဃာများ လမ်းပေါ်ထွက် ဆန္ဒပြခဲ့ကြသော ရွှေဝါရောင်သံဃာ့လှုပ်ရှားမှုတွင်လည်း တက်ကြွစွာ ပါဝင်ခဲ့သူ ဖြစ်သည်။ ကုန်ဈေးနှုန်းကြီးမြင့်မှုကို ကန့်ကွက်ဆန္ဒပြမှုနှင့် စတင်ခဲ့သောလှုပ်ရှားမှုမှာ စစ်အုပ်ချုပ်ရေးကို အဆုံးသတ်ရန်တောင်းဆိုမှုအဖြစ် ပြောင်းလဲသွားခဲ့သည်။ မြဝတီမင်းကြီးဆရာတော်သည် မြန်မာပြည်အလယ်ပိုင်းရှိ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းကို ဆန့်ကျင်သော ရွာသားများကို ထောက်ခံအားပေးခဲ့သူလည်း ဖြစ်သည်။

# သဘာဝပတ်ဝန်းကျင်အရေး လှုပ်ရှားသူ

**ရာဇဝတ်ကျင့်ထုံးဥပဒေ** - ပုဒ်မ ၅၀၅ (ခ)



**မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း ကရင်ပြည်နယ်တွင် ရှိသော ဘိလပ်မြေစက်ရုံနှင့် ပတ်သက်ပြီး ဒေသခံများက သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးသက်ရောက်မှုများအပေါ် စိုးရိမ်ချက်များအား ပြောကြားနိုင်ရန် ကူညီခဲ့သော ကရင်အမျိုးသား သဘာဝပတ်ဝန်းကျင်အရေးလှုပ်ရှားသူ တစ်ဦးကို ရဲတပ်ဖွဲ့မှ စုံစမ်း စစ်ဆေးလျက်ရှိပါသည်။ သူသည် "ဆူပူအောင်လှုံ့ဆော်မှု" ဖြင့် တရားစွဲဆိုခံထားရပြီး နေအိမ်မှထွက်ပြေးတိမ်းရှောင်နေရပါသည်။ ပြစ်မှုထင်ရှားလျှင် ထောင်ဒဏ် နှစ်နှစ်အထိကျခံရနိုင်ပါသည်။**

**စောသာဖိုး**သည် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းဒေသတွင် စက်မှုလုပ်ငန်းများက ဒေသခံလူထု အသိုင်းအဝိုင်းအပေါ် သဘာဝပတ်ဝန်းကျင်၊ လူမှုရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ဆိုးကျိုးများဖြစ်ပေါ်စေသည့် အကြောင်းများကို လူထုသိရှိနားလည်လာစေရန် ပညာပေးလှုပ်ရှားမှုများ ပြုလုပ်နေသည့် လူထုအခြေပြုတက်ကြွလှုပ်ရှားသူ တစ်ဦးဖြစ်သည်။

သူသည် ၂၀၂၀ ဇန်နဝါရီလ ၁၇ ရက်နေ့က ကျင်းပခဲ့သော ဆုတောင်းပွဲသို့ ကရင်ပြည်နယ်အတွင်းရှိ ဘိလပ်မြေစက်ရုံတစ်ရုံအနီးတဝိုက်တွင် ရှိသော ရွာများမှ  ဒေသခံ ၁၀၀၀ ခန့်နှင့်အတူတက်ရောက်ခဲ့ပါသည်။ စက်ရုံအနီးတဝိုက်ရှိ ရွာပေါင်း ၃၀ ခန့်မှ ဒေသခံများက စက်ရုံကြောင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုများရှိကြောင်း၊ အနီးတဝိုက်ရှိ ကန်များ၊ ချောင်းများနှင့် မြစ်များရှိ ရေများညစ်ညမ်းကုန်ကြောင်း ၂၀၁၉ စက်တင်ဘာလကတည်းက ပြောကြား ကန့်ကွက်နေခဲ့ကြပါသည်။ လူထုအခြေပြုသဘာဝပတ်ဝန်းကျင်အရေးလှုပ်ရှားမှု ကွန်ရက်အတော်များများ၏အဖွဲ့ဝင်လည်းဖြစ် ဝန်ထမ်းတစ်ဦးလည်းဖြစ်သည့် စောသာဖိုးက ယင်းအခြေအနေကို ဒေသခံများ သိရှိနားလည်ပြီး မှတ်တမ်းပြုစုထားနိုင်ရန် ကူညီပေးနေခဲ့သူ ဖြစ်ပါသည်။ ဇန်နဝါရီလက ပြုလုပ်ခဲ့သော ဆုတောင်းပွဲကို သူ စီစဉ်ခဲ့ခြင်းမဟုတ်သော်လည်း ကျေးရွာခေါင်းဆောင်များက ၎င်းတို့၏ စိုးရိမ်ချက်များကို မီဒီယာများအား ပြောကြားနိုင်ရန် ကူညီပေးခဲ့ပါသည်။

> **"အလုပ်ကို လွတ်လွတ်လပ်လပ် လုပ်လို့မရတော့ဘူး။ လူတွေက ကျွန်တော့်ကို ရာဇဝတ်သားလို့မြင်ကြတယ်။ တရားရုံးသွားပြီးဖြေရှင်းနိုင်ပါတယ်။ဒါပေမဲ့ ဥပဒေက ကျွန်တော်တို့ကို အကာအကွယ် တကယ်ပဲပေးပါ့မလား ဆိုတာ မသေချာဘူး။ လူတွေက ဖွံ့ဖြိုးတိုးတက်မှုကို လိုလားကြတယ်။ ဒါပေမဲ့ အဲဒီဖွံ့ဖြိုးတိုးတက်မှုဟာ ရေရှည်ဖြစ်ဖို့လိုတယ်။ အစိုးရက သူတို့ကို ပြောဆိုခွင့်မပေးရင်၊ တက်ကြွလှုပ်ရှားသူတွေက သူတို့ကို ကူညီခွင့်မရရင် ကျွန်တော်နဲ့အတူအလုပ်လုပ်နေတဲ့ ဒေသခံတွေအနေနဲ့ အခက်အခဲတွေပိုရင်ဆိုင်ရနိုင်တယ်"**
>
> စောသာဖိုး၏ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့သို့ ၂၀၂၀ခုနှစ် မတ်လကပြောကြားချက်။

၂၀၂၀ ခု မတ်လ ၆ ရက်နေ့ ညနေတွင် ကရင်ပြည်နယ် ဘားအံမြို့နှင့် မြိုင်ကလေးမြို့နယ်ရဲတပ်ဖွဲ့မှ ရဲအရာရှိများ စောသာဖိုး၏ နေအိမ်သို့ ၎င်းအား ဖမ်းဆီးရန် ရောက်လာကြသည်။ ရဲများက ဖမ်းဝရမ်းထုတ်မပြပဲ ဇန်နဝါရီလအတွင်းက စောသာဖိုးတက်ရောက်ခဲ့သည့် ငြိမ်းချမ်းသော ဆုတောင်းပွဲတစ်ခုနှင့် ဆက်စပ်ပြီး ၎င်းအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၀၅ (ခ) "ဆူပူအောင်လှုံ့ဆော်မှု" ဖြင့် ဘားအံအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာရှိတစ်ဦးက တရားစွဲဆိုထားကြောင်းသာ စောသာဖိုး၏ ဆွေမျိုးများအား ပြောခဲ့သည်။ ယင်းအချိန်က စောသာဖိုးမှာ နေအိမ်တွင်ရှိမနေခဲ့ပါ။ ပုဒ်မ ၅၀၅ (ခ) သည် အာမခံ မပေးနိုင်သော ပြစ်မှုဖြစ်ပါသည်။ ယင်းပုဒ်မနှင့်စွဲဆိုခံရသူများအား တရားရုံးသို့ မတင်မီ ချက်ခြင်း ဖမ်းဆီးချုပ်နှောင်ထားနိုင်သည်။လက်တွေ့တွင်လည်း အာဏာပိုင်များက တက်ကြွလှုပ်ရှားသူများ၊ အထူးသဖြင့် ခေါင်းဆောင်များကို တရားရင်ဆိုင်နေရဆဲကာလတွင် ချုပ်နှောင်ထားရန် ယင်းပုဒ်မကို အသုံးပြုလေ့ရှိကြသည်။ အပြစ်ရှိကြောင်းထင်ရှားပါက အမြင့်ဆုံး ထောင်ဒဏ်နှစ်နှစ်အထိ ချနိုင်သည့် ပုဒ်မ ဖြစ်သည်။

ဤစွဲဆိုချက်ကြောင့် စောသာဖိုးမှာ နေအိမ်မှထွက်ပြေးတိမ်းရှောင်နေရပါသည်။ သူ၏မိသားစုနှင့် လုပ်ဖော်ကိုင်ဖက် များမှာလည်း ဒေသအာဏာပိုင်တို့၏စောင့်ကြည့်ခြင်းခံနေရသည်ဟု သိရပါသည်။ စောသာဖိုးမှာ ၎င်း၏လုံခြုံရေးနှင့် လွတ်လပ်ခွင့်ကိုခြိမ်းခြောက်ခံနေရသည်သာမက ဤစွဲချက်ကြောင့် သူ၏အလုပ်နှင့် ဒေသခံများကို အသိပညာပေးရေးအထောက်အကူပြုလုပ်ငန်းများကို လုပ်ဆောင်နိုင်စွမ်းကိုလည်း ကြီးစွာသော အဟန့်အတား ဖြစ်စေပါသည်။

# “ရခိုင်တွေမှာလည်း အသက်နှင့်” ဆန္ဒပြသူ

**ငြိမ်းချမ်းစွာစုဝေးခြင်းနှင့်ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဥပဒေ** - ပုဒ်မ ၁၉

**ရခိုင်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သူ ကိုသန်းလှ (ခ) မင်းဘာချေ သည် မြန်မာနိုင်ငံအနောက်ပိုင်း ရခိုင်ပြည်နယ်အတွင်း စစ်တပ်၏ချိုးဖောက်မှုများအဆုံးသတ်ရန်နှင့် တရားမျှတမှုရှိရေးကို တောင်းဆိုသည့် ငြိမ်းချမ်းစွာဆန္ဒပြမှုနှစ်ခုတွင် ပါဝင်ခဲ့ပြီးနောက်တွင် ခွင့်ပြုချက်မရှိဘဲ ဆန္ဒပြမှုဖြင့် တရားစွဲဆိုခြင်းခံခဲ့ရသည်။ သူသည် ၂၀၂၀ ခုနှစ်မတ်လ ၂၀ ရက်နေ့တွင် ပထမစွဲချက်တစ်ခုဖြင့် ထောင်ဒဏ် ၁၅ ရက်ချမှတ်ခံခဲ့ရသည်။ ထိုနေ့တွင်ပင် အာဏာပိုင်များက ဒုတိယစွဲချက်ကို ပယ်ဖျက်ခဲ့သည်။**

> **“ရွေးကောက်ခံ အန်အယ်ဒီ အစိုးရက သူတို့ဒီနေရာကိုရောက်ဖို့ အများကြီးဖြတ်သန်းခဲ့ရတယ်။ ဒါပေမဲ့ သူတို့က ပြဿနာတွေကို မဖြေရှင်းနေဘူး။ တကယ့်ကို ဝမ်းနည်းစရာပဲ... ကျွန်တော်မြင်တာကတော့ အခြေအနေတွေက စစ်အစိုးရလက်ထက်တုန်းကထက်တောင် ပိုဆိုးဆိုးလာနေတယ်။”**
>
> ကိုသန်းလှ၏ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့သို့ ၂၀၁၉ ဒီဇင်ဘာလက ပြောကြားချက်။




© Than Hla

၂၀၁၉ ခုနှစ် ဇူလိုင်လ ၂ ရက်တွင် ရခိုင်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သူ ကိုသန်းလှ (ခ) မင်းဘာချေ နှင့်အခြား ၅ ဦး တို့သည် မြန်မာပြည်အနောက်ပိုင်းရခိုင်ပြည်နယ်စစ်တွေရှိ ဦးဥတ္တမပန်းခြံတွင် ငြိမ်းချမ်းစွာဆန္ဒပြခဲ့ကြသည်။ ရခိုင်ပြည်နယ်အတွင်း အရပ်သားများအပေါ် စစ်တပ်မှချိုးဖောက်မှုများနှင့် သတ်ဖြတ်ခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်းများကို ဆန့်ကျင်ဆန္ဒပြခဲ့ကြခြင်းဖြစ်သည်။ ၂၀၁၉ ခုနှစ် ဇန်နဝါရီ လမှစ၍ မြန်မာစစ်တပ်နှင့် ရခိုင်လက်နက်ကိုင်အဖွဲ့ဖြစ်သော အေအေ ရခိုင်တပ်တို့အကြား တိုက်ပွဲများ ပိုမိုပြင်းထန်စွာဖြစ်ပွားခဲ့သည်။ အရပ်သားများသည် အကြမ်းဖက်မှု၏ ဒဏ်ကို အဓိကခံနေရသည်။ ငြိမ်းချမ်းစွာဖြင့်ဆန္ဒပြသူများသည် ပန်းခြံတွင်စုရုံးကာ စစ်တပ်၏ချိုးဖောက်မှုများအတွက် တရားမျှတမှုကိုတောင်းဆိုသည့်ဆိုင်းဘုတ်များကိုကိုင်ပြီး“ ရခိုင်တွေမှာလည်း အသက်နှင့်”စာတန်းပါတီရှပ်များ ဝတ်ဆင်ထားကြသည်။ နောက်တစ်နေ့တွင် ကိုသန်းလှက သူနှင့်အခြားဆန္ဒပြသူများအားတရားစွဲဆိုမည်ဖြစ်ကြောင်း သတင်းကြားခဲ့သော်လည်း သူ၏နေ့စဉ်လုပ်ငန်းများကို ဆက်လက်လုပ်ကိုင်ခဲ့သည်။

နှစ်လကျော်ကြာပြီးနောက် ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၂၀ ရက်တွင် ကိုသန်းလှသည် သားဖြစ်သူကို ကျောင်းမှ သွားကြိုခဲ့သည်။ သူတို့ ဈေးဆိုင်မှာ သစ်သီးများဝယ်ယူနေကြစဉ် စစ်တွေမြို့နယ်မှ ရဲအရာရှိများက သူ့ကို ဖမ်းဆီးခဲ့သည်။ သူ့ကိုစစ်တွေ အမှတ် ၁ ရဲစခန်းသို့ခေါ်ဆောင်သွားခဲ့သည်။ ရဲဌာနတွင် စစ်ဆေးမေးမြန်းမှုများ ပြုလုပ်ပြီးနောက် သူ့အား ငြိမ်းချမ်းစွာစုဝေးခြင်းနှင့်ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဥပဒေပုဒ်မ ၁၉ ကိုဖောက်ဖျက်သည့် စွဲချက်တင်ကြောင်းပြောကြားခဲ့သည်။ ၂၀၂၀ ခုနှစ်ဇန်နဝါရီလက စစ်တွေမြို့တွင်ပြုလုပ်ခဲ့သော ငြိမ်းချမ်းစွာဆန္ဒပြမှုတွင် ပါဝင်မှုအတွက် ယင်းဥပဒေအရပင် သီးခြားစွပ်စွဲချက်တစ်ခုနှင့် စွဲဆိုထားကြောင်းလည်း သူသိရှိခဲ့ရသည်။ ဒုတိယ ဆန္ဒပြမှုမှာ ၂၀၁၈ ဇန်နဝါရီလက ရခိုင်ပြည်နယ်မြောက်ဦး မြို့တွင် ဆန္ဒပြကြစဉ်အတွင်း ဆန္ဒပြသူ ၇ယောက်အား ရဲများကပစ်သတ်ခဲ့သည့်အပေါ် စုံစမ်းစစ်ဆေးမှုပြုလုပ်ပေးပါရန် စစ်တွေမြို့ ပြည်နယ်အစိုးရရုံးရှေ့တွင် ကိုသန်းလှနှင့် အခြား ဆန္ဒပြသူ ၅ ဦးတို့ကငြိမ်းချမ်းစွာ ဆန္ဒပြခဲ့ကြခြင်း ဖြစ်သည်။ တရားစွဲမှုနှစ်ခုစလုံးကို မြန်မာစစ်တပ်မှ အရာရှိတစ်ဦးက ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

ကိုသန်းလှကို စစ်တွေမြို့နယ်တရားရုံးက အာမခံပေးခဲ့သည်။ ယခုကဲ့သို့ တရားစွဲဆိုခံရခြင်းအတွက် သူ့အလုပ်ကို လုပ်နိုင်စွမ်းအပေါ် ဆိုးကျိုးသက်ရောက်စေခဲ့သည်ဟု ကိုသန်းလှက အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကို ပြောပြသည်။ သူအလုပ်လုပ်ရမည့်အချိန်ဇယားနှင့် ခရီးသွားရမည့် အစီအစဉ်များကို ရုံးချိန်းရှိသည့်နေ့များနှင့် ညှိပြီး စီစဉ်ခဲ့ရသဖြင့် ဖြစ်သည်ဟုဆိုသည်။ ၂၀၂၀ ခုနှစ် မတ်လ ၂၀ ရက်နေ့တွင် သူနှင့်အခြားငါးဦး အား“ရခိုင်တွေမှာလည်း အသက်နှင့်” ဆန္ဒပြမှုကြောင့် ထောင်ဒဏ် ၁၅ ရက် သို့မဟုတ် ဒဏ်ငွေ ၂၀၀၀၀ ကျပ် ချမှတ်ခဲ့သည်။ သူ့အား စွဲဆိုမှုမှာ တရားမျှတမှုမရှိဟု ကိုသန်းလှကဆိုပြီး ထောင်ဒဏ်ကျခံရန် ရွေးချယ်ခဲ့သည်။ ထိုနေ့တွင်ပင် အာဏာပိုင်များက သူ့အား ဒုတိယတရားစွဲဆိုထားမှုကို ပယ်ဖျက်လိုက်ကြောင်း ကြေညာခဲ့သည်။

# အင်တာနက်ပိတ်မှုကို ကန့်ကွက်နေသော ကျောင်းသားများ

**ငြိမ်းချမ်းစွာစုဝေးခြင်းနှင့်ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဥပဒေ** - ပုဒ်မ ၁၉



**ရခိုင်နှင့် ချင်းပြည်နယ်များတွင် အင်တာနက်ဖြတ်တောက်မှုကို အဆုံးသတ်ရန်နှင့် ပဋိပက္ခဖြစ်ပွားနေသော ဒေသများတွင် စစ်တပ်၏ ကျူးလွန်မှုများကို တာဝန်ခံရန် ငြိမ်းချမ်းစွာဆန္ဒပြတောင်းဆိုခဲ့မှုများတွင် ပါဝင်ခဲ့မှုနှင့် ကျောင်းသား ကိုးဦးတို့တရားစွဲဆိုခံထားရပါသည်။ ၂၀၂၀ မတ်လ ၂၅ ရက်နေ့က ရန်ကုန်ရှိတရားရုံးတစ်ရုံးက ကျောင်းသား ခုနှစ်ဦးကို ထောင်ဒဏ်တစ်လ ပြစ်ဒဏ်ချခဲ့သည်။ ကျန်နှစ်ဦးမှာ တိမ်းရှောင်နေပါသည်။**

> **“ကျွန်တော်တို့ ဆန္ဒပြဖို့ ခွင့်ပြုမိန့် မတောင်းခဲ့ပါဘူး။ တောင်းလည်း ရချင်မှရမှာပါ။ ရရင်လည်း ဥပဒေတွေသုံးပြီး ဘယ်ဆိုင်းဘုတ်မျိုးပဲ သုံးရမယ်၊ ဘယ်ကြွေးကြော်သံမျိုးပဲ ကြွေးကြော်နိုင်တယ်ဆိုပြီး ကန့်သတ်နိုင်ပါတယ်။ ဘာပဲ ဖြစ်ဖြစ် ရဲတွေက သူတို့တားချင်ရင် ဆန္ဒပြတာကို တားနိုင်ပါတယ်။ ခွင့်ပြုမိန့်ရှိခြင်း မရှိခြင်းက အရေးမပါပါဘူး။”**
>
> အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့နှင့် ၂၀၂၀ မတ်လအတွင်းက စကားပြောခဲ့ရသည့် ကျောင်းသားဆန္ဒပြသူ တစ်ဦး ပြောကြားချက်။

၂၀၂၀ ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် ကျောင်းသားအများအပြားပါဝင်သော လူ ၁၀၀ ခန့်က ရန်ကုန်မြို့တွင်စုဝေးပြီး မြန်မာနိုင်ငံအနောက်ပိုင်း ရခိုင်နှင့် ချင်းပြည်နယ်များတွင် အစိုးရက အင်တာနက်အဆက်အသွယ်ဖြတ်တောက်ထားမှုကို ဆန့်ကျင်သောငြိမ်းချမ်းစွာ ချီတက်ဆန္ဒပြပွဲ တစ်ခု ပြုလုပ်ခဲ့သည်။ ၂၀၁၉ ဇွန်လက စတင်ပြုလုပ်ခဲ့သော ဖြတ်တောက်မှုကို စက်တင်ဘာလတွင် တစ်စိတ်တစ်ပိုင်း ပြန်ဖွင့်ပေးခဲ့ပြီး ၂၀၂၀ ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ပြန်လည် ဖြတ်တောက်ခဲ့သဖြင့် လူပေါင်းသိန်းချီပြီး မိုဘိုင်းအင်တာနက်ဝန်ဆောင်မှုများ သုံးစွဲနိုင်ခွင့်မရရှိပဲ ဖြစ်ခဲ့သည်။ ယင်းဆန္ဒပြပွဲတွင် ကျောင်းသားများဖြစ်သော အောင်ပြည့်စုံဖြိုး၊ နောင်ထက်အောင်၊ မနှင်း၊ အေးမြတ်မွန်ကျော်၊ သုတစိုး၊ ဇော်ထက်နိုင်၊ သက်တင်အောင်၊ ကျော်လင်းနှင့် မြတ်ဟိန်းထွန်းတို့ ကိုးဦးလည်း ပါဝင်ခဲ့သည်။

ဆန္ဒပြသူများက အာဏာပိုင်များထံ အဓိက အချက် သုံးချက်ကို တောင်းဆိုခဲ့သည်။ အင်တာနက်အဆက်အသွယ်ကို ချက်ခြင်း အပြည့်အဝ ပြန်ပေးရန်၊ ၂၀၂၀ ဖေဖော်ဝါရီလ ၁၃ ရက်နေ့က ရခိုင်ပြည်နယ်ထဲရှိ ကျောင်းတစ်ကျောင်းအား စစ်တပ်က ပြုလုပ်ခဲ့သည်ဟု ဆိုကြသော လက်နက်ကြီးဖြင့် တိုက်ခိုက်ခဲ့မှုနှင့် ပတ်သက်၍ တာဝန်ခံမှု ရှိစေရန် နှင့် ယင်းဒေသများသို့ ပြည်တွင်းနှင့် နိုင်ငံတကာသတင်းမီဒီယာများကို အပြည့်အဝသွားရောက်ခွင့်ပေးပြီး ဒေသတွင်း အခြေအနေများကို လွတ်လပ်စွာ သတင်းရယူတင်ပြခွင့်ပေးရန် တို့ဖြစ်သည်။ ဆန္ဒပြသူများက ဆန္ဒပြခွင့်ကို အာဏာပိုင်များထံမှ ကြိုတင်တောင်းခံခဲ့ခြင်းမရှိပါ။ ဆန္ဒပြပွဲကို တားမြစ်မည်ကို လည်းကောင်း၊ ကြွေးကြော်သံများနှင့် တောင်းဆိုချက်များကို ခွင့်မပြုပဲ ဖြတ်တောက်မည်ကို စိုးရိမ်၍ လည်းကောင်း မတောင်းခဲ့ခြင်း ဖြစ်သည်။

“အင်တာနက်ဖြတ်တောက်မှု ရပ်” ဆိုသော ဆိုင်းဘုတ်များ ကိုင်ဆောင်လျက် ကြွေးကြော်သံများ အော်ဟစ်ကာလှည်းတန်း စင်တာကို လျှောက်လာကြသော ဆန္ဒပြသူများကို ရဲက စောင့်ကြည့်နေခဲ့သည်။ လှည်းတန်း စင်တာအရောက်တွင် ဆန္ဒပြသူများက ဟောပြောမှုများ ပြုလုပ်ပြီး လူစုခွဲခဲ့ကြသည်။ နောက်တစ်နေ့တွင် ရဲက ဆန္ဒပြခဲ့သော ကျောင်းသားတက်ကြွလှုပ်ရှားသူ ခြောက်ဦးကို ဖမ်းဆီးလိုက်ပြီး ၄င်းတို့နှင့်အတူ နောက်ထပ် သုံးဦးကို ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေပါ ပုဒ်မ ၁၉ အရ ခွင့်ပြုမိန့်မတောင်းခံပဲ ဆန္ဒပြမှုနှင့် တရားစွဲဆိုမည်ဖြစ်ကြောင်း ပြောခဲ့သည်။ ဖမ်းဆီးခဲ့သူ ခြောက်ဦးကို မကြာခင်ပြန်လွှတ်ပေးခဲ့သော်လည်း မတ်လလယ်တွင် နောက်ထပ်တစ်ဦးနှင့်အတူ ထပ်မံဖမ်းဆီးပြီး အင်းစိန်အကျဉ်းထောင်သို့ ပို့ခဲ့သည်။ မတ်လ ၂၅ ရက်နေ့တွင် ကမာရွတ်မြို့နယ်တရားရုံးက ၄င်းတို့အား အပြစ်ရှိကြောင်းစီရင်ပြီး ထောင်ဒဏ်တစ်လစီချမှတ်ခဲ့သည်။ ယင်းတို့နှင့်အတူ တရားစွဲဆိုခံရသော နောက်ထပ်နှစ်ယောက်မှာ ဖမ်းဆီးခံရမည်ကို စိုးရိမ်သောကြောင့် ထွက်ပြေးတိမ်းရှောင်လျက်ရှိသည်။

## ရခိုင်နှင့်ချင်းပြည်နယ်တွင် အင်တာနက် ဖြတ်တောက်မှု

**ဆက်သွယ်ရေးဥပဒေ** - ပုဒ်မ ၇၇

၂၀၁၉ ဇွန်လ ၂၁ ရက်နေ့တွင် မြန်မာအာဏာပိုင်များသည် နိုင်ငံအနောက်ပိုင်းရှိ စစ်ပွဲများဖြစ်နေသောဒေသမှ မြို့နယ် ကိုးခုတွင် မိုဘိုင်းအင်တာနက်ဝန်ဆောင်မှုကို ဖြတ်တောက် ပိတ်ပင်လိုက်သည်။ ယင်း ကိုးမြို့နယ်မှာ ရခိုင်ပြည်နယ်ထဲမှ ဘူးသီးတောင်၊ ကျောက်တော်၊ မောင်တော၊ မင်းပြား၊ မြောက်ဦး၊ မြေပုံ၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင် မြို့နယ်များနှင့် ချင်းပြည်နယ် ပလက်ဝမြို့နယ်တို့ဖြစ်သည်။ ယင်းကဲ့သို့ ဖြတ်တောက်လိုက်သဖြင့် ယင်းမြို့နယ်များတွင် နေထိုင်သော ပြည်သူများသည် တယ်လီဖုန်းဆက်သွယ်ခေါ်ယူခြင်း၊ စာတိုတက်စ်မက်ဆေ့ချ်ပေးပို့ခြင်းတို့သာ လုပ်နိုင်ပြီး အင်တာနက်သုံး၍ မရတော့ပဲ ဖြစ်သွားခဲ့သည်။ ပြည်တွင်းမီဒီယာတစ်ခုကို ဖြေကြားခဲ့သော အစိုးရအရာရှိတစ်ဦးက ဆက်သွယ်ရေးဥပဒေပုဒ်မ ၇၇ အရပြုလုပ်ခဲ့ခြင်းဖြစ်ပြီး “တရားဥပဒေစိုးမိုးမှု အားနည်းလာခြင်း” နှင့် “ဒေသတွင်းမတည်ငြိမ်မှု” တို့ကြောင့် ယခုကဲ့သို့ ပိတ်ဆို့ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ ယင်းဥပဒေက အာဏာပိုင်များအား ပြည်တွင်းတွင် တယ်လီဖုန်းနှင့် ဂြိုဟ်တုဆက်သွယ်မှုများကို ထင်သလို ပိတ်ဆို့နိုင်သော ကျယ်ပြန့်သည့် အခွင့်အာဏာများ ပေးထားပါသည်။




© Mary Tran / Amnesty International

စက်တင်ဘာလအစောပိုင်းတွင် ပိတ်ဆို့ထားသော မြို့နယ် ကိုးခုအနက်မှ ငါးခုတွင် အင်တာနက်ကို ပြန်ဖွင့်ပေးခဲ့သည်။ သို့သော် ၂၀၂၀ ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် တယ်လီဖုန်းဝန်ဆောင်မှုပေးနေသော ကုမ္ပဏီတစ်ခုက မြန်မာ့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ယင်းမြို့နယ်ငါးခုတွင် အင်တာနက်ဖြတ်တောက်မှုကို သုံးလကြာလုပ်ဆောင်သွားဖို့ ညွှန်ကြားခဲ့ကြောင်း ပြောခဲ့သည်။ ယင်းကုမ္ပဏီ၏ ထုတ်ပြန်ချက်တွင် ဝန်ကြီးဌာနက “လုံခြုံရေးနှင့် အများပြည်သူအကျိုးစီးပွားအတွက်” ယခုကဲ့သို့ ညွှန်ကြားချက်ထုတ်ပြန်ရသည်ဟု ပြောကြောင်း ပါရှိသည်။

ယင်းသို့ ဖြတ်တောက်ခဲ့သော နေရာများမှာ ၂၀၁၉ ခုနှစ်ဆန်းက စတင်၍ ရခိုင်လက်နက်ကိုင်အဖွဲ့ ရခိုင်တပ်တော် အေအေနှင့် မြန်မာအစိုးရတပ်တို့ အကြား တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားခဲ့သော ဒေသများဖြစ်သည်။ မြန်မာ့တပ်မတော်က စစ်ရာဇဝတ်မှုများအပါအဝင် ဆိုးဝါးသော ပြစ်မှုကြီးများကျူးလွန်ခဲ့ပြီး ရခိုင်တပ်ကလည်း ဖိနှိပ်ရက်စက်မှုများ ကျူးလွန်ခဲ့ကြောင်း အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့နှင့် အခြားအဖွဲ့များက အထောက်အထားများ ပြုစုထားနိုင်ခဲ့သည်။ နှစ်ဘက်တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေပြီး ချိုးဖောက်မှုများ ဆက်လက်ဖြစ်ပွားနေကြောင်း သတင်းများထွက်ပေါ် နေပါသည်။

အင်တာနက်ပိတ်ဆို့မှုသည် သက်ဆိုင်ရာမြို့နယ်များတွင်နေထိုင်သူများအပေါ်လည်း ဆိုးဆိုးဝါးဝါး ထိခိုက်မှုများ ရှိခဲ့ပါသည်။ ပြည်သူများမှာ အရေးပေါ်ဝန်ဆောင်မှုများကို ရယူရာတွင် အကန့်အသတ်များကြုံခဲ့ရပြီး ကျန်းမာရေးစောင့်ရှောက်မှု၊ မိုဘိုင်းဘဏ်လုပ်ငန်းမှ ဝန်ဆောင်မှုများအတွက် သတင်းအချက်အလက်ရယူနိုင်မှုများ ကန့်သတ်ခံခဲ့ရသည်။ အင်တာနက်ဖြတ်တောက်လိုက်သည့်အတွက် စစ်ပွဲကြောင့် နေရပ်စွန့်ခွာထွက်ပြေးခဲ့ရသူများ အပါအဝင် ဘေးအန္တရာယ်နှင့်ရင်ဆိုင်နေရသူများအတွက် လူသားချင်းစာနာထောက်ကူမှု အဖွဲ့အစည်းများကပေးအပ်လျက်ရှိသော အရေးပေါ်လိုအပ်လျက်ရှိသည့် ထောက်ပံ့ရေးအကူအညီများ ရယူရန်လည်း အဟန့်အတား ဖြစ်စေခဲ့သည်။ ထို့အပြင် တက်ကြွလှုပ်ရှားသူများနှင့် သတင်းသမားများအတွက်လည်း လုံခြုံစိတ်ချရသည့် ဝက်စာသုံးပေးပို့သည့် စနစ်များအပေါ် အားကိုး၍ မရနိုင်တော့သဖြင့် မြေပြင်ပေါ်တွင် ဖြစ်ပွားနေသော အခြေအနေများကို မှတ်တမ်းရယူပြီး ပြန်လည်မျှဝေနိုင်ရန် အခက်အခဲကြီးများ ဖြစ်သွားစေခဲ့ပါသည်။

# ကချင် စစ်ဆန့်ကျင်ရေးဆန္ဒပြသူများ

**ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဥပဒေ** - ပုဒ်မ ၂၀

**ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည် လူငယ်ခေါင်းဆောင်နှစ်ဦးသည် မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ်အတွင်း လက်နက်ကိုင်ပဋိပက္ခအဆုံးသတ်ရေးနှင့် စစ်တပ်အနေနှင့် နိုင်ငံအတွင်းရှိ ငြိမ်းချမ်းစွာ လှုပ်ရှားသူများအား တရားစွဲဆိုမှုများ ရပ်ဆိုင်းရန် တောင်းဆိုသည့် ငြိမ်းချမ်းစွာဆန္ဒပြပွဲများ ပြုလုပ်ပြီးနောက် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့်ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဥပဒေကိုချိုးဖောက်မှုဖြင့် အပြစ်ပေးအရေးယူခြင်းခံရပြီး ဒဏ်ငွေချမှတ်ခံခဲ့ရသည်။**

၂၀၁၉ စက်တင်ဘာ ၅ ရက်တွင် လနူး နှင့် ခါးမိုင် တို့သည် အခြားကချင်တက်ကြွလှုပ်ရှားသူနှစ်ဦး အားတရားစွဲဆိုခြင်းကို ကန့်ကွက်ခြင်းနှင့် ကချင်ပြည်နယ်အတွင်းရှိ စစ်ဘေးရှောင် ပြည်သူများ၏အခြေအနေကို သိရှိလာစေရန်အတွက် ငြိမ်းချမ်းစွာဆန္ဒပြပွဲတစ်ခုကို ဦးဆောင်ခဲ့ကြသည်။ မြန်မာစစ်တပ်နှင့် ကချင်လွတ်လပ်ရေးတပ်မတော်အကြား လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားသည့် ၂၀၁၁ ခုနှစ်ဇွန်လမှ စတင်ပြီး လူပေါင်း ၁၀၀,၀၀၀ နီးပါးတို့မှာ နေရပ်စွန့်ခွာထွက်ပြေးခဲ့ရပါသည်။ ကချင်ပြည်နယ်မြို့တော် မြစ်ကြီးနားတွင် ပြုလုပ်သည့် ဆန္ဒပြပွဲတွင် အားလုံးနီးပါးက ကိုယ်တိုင်အိုးအိမ်စွန့်ခွာထွက်ပြေးရသူများဖြစ်ကြသည့် လူ ၂၀၀ ခန့် ပါဝင်ခဲ့ကြပြီး "စစ်ကိုမုန်းတယ်"နှင့် "စစ်ပွဲသည်အဖြေမဟုတ်ပါ"ဟူသော ဆိုင်းဘုတ်များကို ကိုင်ဆောင်ခဲ့ကြသည်။




Anti-war protesters demonstrate in Kachin State, June 2019 © Emily Fishbein

## "ကျွန်တော်တို့ ဘာမှ အမှား မလုပ်ဘူး။

## ဥပဒေလည်း မချိုးဖောက်ဘူး။ နေရပ်စွန့်ခွာတိမ်းရှောင်နေရတဲ့သူတွေ တွေ့ကြုံခံစားနေရတာတွေကို ထုတ်ဖော်ဖို့ ဆန္ဒပြရတာပါ။"



လနူး ၏ အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကို ၂၀၁၉ ဒီဇင်ဘာက ပြောကြားချက်။

သူတို့နှစ်ဦးက ဆန္ဒပြမည့် အစီအစဉ်ကိုအာဏာပိုင်များကိုကြိုတင် အကြောင်းကြားခဲ့ကြသည်။ သို့သော်ရဲများက ဆန္ဒပြပွဲသို့ရောက်ရှိလာပြီး လနူး နှင့် ခါးမိုင် တို့ကို ရဲစခန်းသို့လိုက်ခဲ့ရန် ပြောခဲ့သည်။ ရဲစခန်းတွင် ရဲအရာရှိ စခန်းမှူးက ၎င်းတို့အား ဆန္ဒပြပွဲတွင် ကိုင်ဆောင်သည့် ဆိုင်းဘုတ်တွင် ခွင့်ပြုမထားသော စာကြောင်းများ၊ စာသားများပါဝင်သဖြင့် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဥပဒေ ပုဒ်မ ၂၀ အရ တရားစွဲဆိုမည်ဟု ပြောကြားခဲ့သည်။ ထို့နောက်တွင် အာမခံဖြင့် ပြန်လွှတ်ပေးလိုက်ပါသည်။

ဆန္ဒပြပွဲများကို ဆက်လက်ပြုလုပ်ခဲ့ပြီး စက်တင်ဘာ ၉ ရက်တွင် မြစ်ကြီးနားမြို့နယ် တရားရုံးတွင် ရုံးချိန်း တက်ရောက်ကြားနာရမည့် ကချင်လူမှုအဖွဲ့အစည်းမှ ဘာသာရေးခေါင်းဆောင် ဆရာဆမ်ဆွန်ကို ထောက်ခံကြောင်း ပြသရန် ရန်ကုန်မှ ရောက်လာကြသည့် တက်ကြွလှုပ်ရှားသူတစ်စုကလည်း လာရောက်ပူးပေါင်းခဲ့ကြသည်။

ဆရာဆမ်ဆွန်အား၂၀၁၉ ခုနှစ်ဇူလိုင်လတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့်တွေ့ဆုံခဲ့စဉ်က မြန်မာစစ်တပ်ကို ဝေဖန်ခဲ့မှုနှင့် ပတ်သက်ပြီး မြန်မာစစ်တပ်က သူ့ကိုစွဲဆိုထားသည့်စွပ်စွဲချက်များကို လာရောက်ကြားနာရန်ဖြစ်သည်။ သို့သော် အမှုအား ပယ်ချလိုက်သောအခါ ရန်ကုန်မှ တက်ကြွလှုပ်ရှားသူများက ဆန္ဒပြနေကြသော အိုးအိမ်စွန့်ခွာထွက်ပြေးရသူတို့နှင့် သွားရောက်ပူးပေါင်းခဲ့ကြသည်။ အချို့က ဆန္ဒပြသူများအပေါ် စစ်တပ်၏တရားစွဲဆိုမှုများကို ရှုတ်ချသည့် စာတန်းပါ တီရှပ်များကို ဝတ်ဆင်ခဲ့ကြသည်။ လနူး နှင့် ခါးမိုင်တို့က ယင်း တီရှပ်များကို မဝတ်ဆင်ခဲ့ပေ၊ သို့သော် စာတန်းများသည် ခွင့်ပြုချက်တောင်းခံစဉ်က မပါရှိသောကြောင့် ခွင့်ပြုထားခြင်းမရှိသည့်အတွက်  ဆန္ဒပြပွဲကိုစီစဉ်သူများဖြစ်သော ၎င်းတို့နှစ်ဦးကို ပုဒ်မ ၂၀ အရ နောက်ထပ် ပြစ်မှုတစ်ခုအဖြစ် အရေးယူခံရမည်ဟု ရဲများကပြောကြားခဲ့သည်။

ယင်းအမှုကို ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၁၀ ရက်နေ့တွင် မြစ်ကြီးနားမြို့နယ်တရားရုံးတွင်ကြားနာစစ်ဆေးခဲ့သည်။ တရားရုံးက ထိုနေ့တွင်ပင် စွဲချက်နှစ်မျိုးလုံးဖြင့် အပြစ်ရှိကြောင်း စီရင်ချက်ချခဲ့ပြီး လနှင့်ခမိုင်တို့ကို ထောင်ဒဏ်ခုနစ်ရက် သို့မဟုတ်ကျပ် ၂၀၀၀၀ (အမေရိကန် ၁၄ ဒေါ်လာ) ဒဏ်ငွေ ချမှတ်ခဲ့သည်။ ၄င်းတို့က ဒဏ်ငွေပေးဆောင်ရန် ရွေးချယ်ခဲ့သည်။ ထို ငွေပမာဏသည် လူသားချင်းစာနာမှုဆိုင်ရာအဖွဲ့အစည်းများမှ အစားအစာအတွက်တစ်လလျှင်ပျမ်းမျှကျပ် ၁၅၀၀၀ ခန့် ထောက်ပံ့ကြေးရကြသည့် အိုးအိမ်မဲ့ပြည်သူများအတွက် ကြီးမားသော ပမာဏဖြစ်သည်။ ဒဏ်ငွေပေးဆောင်ရန် သွားကြသောအခါ အမည်မဖော်လိုသူတစ်ဦး က ငွေပေးဆောင်ပြီးဖြစ်ကြောင်း တရားရုံးစာရေးက ၄င်းတို့အားပြောခဲ့သည်။

## ဆက်နွယ်နေသော အမှု – ဆိုင်းနူးပန် နှင့် ပေါလု

**ငြိမ်းချမ်းစွာစုဝေးခြင်းနှင့်ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း ဥပဒေ** - ပုဒ်မ ၁၉
**ရာဇဝတ်ကျင့်ထုံးဥပဒေ** - ပုဒ်မ ၂၂၈

> **“ဆန္ဒပြပွဲတိုင်းအတွက် ခန့်မှန်းလူအရေအတွက်၊ ကြွေးကြော်သံပါထည့်ပြီး ခွင့်ပြုချက်လျှောက်တယ်။ စစ်တပ်ကိုရည်ညွှန်းတဲ့စကားလုံးပါရင် ဖြုတ်ပေးဖို့ ရဲက တခါတလေပြောတယ်။ ဘယ်လောက်ပဲ သူတို့လိုအပ်ချက်နဲ့ညီအောင် လုပ်လုပ် ဆန္ဒပြပွဲတွေဟာ ငြိမ်းစုစီနဲ့ တနည်းမဟုတ်တနည်းနဲ့ငြိတာပဲ။”**
>
> ဆိုင်းနူးပန်၏ အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့သို့ ၂၀၁၉ ဒီဇင်ဘာတွင်ပြောကြားချက်။

အခြားသောကချင်လူမျိုးတက်ကြွလှုပ်ရှားသူများသည်လည်း လက်နက်ကိုင်ပဋိပက္ခနှင့် ပတ်သက်၍ ထုတ်ဖော်ပြောဆိုခြင်းနှင့်က ချင်ပြည်နယ်မှ အိုးအိမ်စွန့်ခွာထွက်ပြေးရသူများ၏ အခြေအနေကို မီးမောင်းထိုးပြသည့်အတွက် ဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်း နှင့် ထောင်ဒဏ်ချမှတ်ခြင်းများခံကြရသည်။ **ဆိုင်းနူးပန်**နှင့် **ပေါလု**တို့သည် ၂၀၁၁ ခုနှစ်၊ ဇွန်လတွင် ပြန်လည်ဖြစ်ပွားခဲ့သော လက်နက်ကိုင်ပဋိပက္ခများ စနှစ်ပြည့် အထိမ်းအမှတ် အခမ်းအနားကို ဦးဆောင်စီစဉ်ပြီးနောက် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း နှင့် ငြိမ်းချမ်းစွာစုဝေးခွင့်ဥပဒေကို ချိုးဖောက်မှုဖြင့် စွဲချက်တင်ခံခဲ့ရသည်။



၂၀၁၉ ခုနှစ်၊ ဇွန်လ ၆ ရက်တွင် ၎င်းတို့ နှစ်ဦးက ဇွန်လ ၈ ရက်နှင့် ၉ ရက်များတွင် အခမ်းအနားပွဲများ ကျင်းပမည့် အကြောင်းမြစ်ကြီးနားရှိ အာဏာပိုင်များကိုအကြောင်းကြားခဲ့သည်။ သို့သော် အခမ်းအနားပွဲများသည် နှစ်စဉ် ကျင်းပမြဲဖြစ်သဖြင့် မည်သည့်အကြောင်းကြားစာမှ မလိုအပ်ကြောင်း သူတို့ကို ပြောကြားခဲ့သည်။ နောက်ဆုံးတွင် ၎င်းတို့အဖွဲ့သည် ဇွန် ၉ ရက်တွင်သာ လှုပ်ရှားမှုများကို ပြုလုပ်ခဲ့သည်။ ထိုလှုပ်ရှားမှုအတွင်း ၎င်းတို့ အုပ်စုလေးက မြစ်ကြီးနား ပြည်သူ့ဥယျာဉ်နှင့် စိန်မြရောပန်းခြံအနီးရှိ လမ်းကြား၌ လူ ၆၀၀ ခန့်ရှေ့တွင် သရုပ်ဖော်မှုများ တင်ဆက်ခဲ့သည်။ သရုပ်ဖော်တင်ဆက်မှုမှာ တစ်နာရီခန့်ကြာခဲ့ပြီး စစ်ပွဲမြင်ကွင်းများ၊ စစ်ရဟတ်ယာဉ်များမှ အရပ်သားများအပေါ်တိုက်ခိုက်ခြင်းနှင့် အသက်ဘေးမှ လွတ်အောင် လူအများ ထွက်ပြေးရခြင်းများကို ဖော်ပြသည့် သရုပ်ပြမြင်ကွင်းများပါ ဝင်သည်။ လက်နက်ကိုင်ပဋိပက္ခကြောင့် မိမိကိုယ်တိုင် နေရပ်စွန့်ခွာထွက်ပြေးခဲ့ရသည့် ဆိုင်းနူးပန်က“ ငါအိမ်ပြန်ချင်တယ်” ဆိုသောသီချင်းကို သီဆိုခဲ့သည်။

နောက်တစ်နေ့တွင် မြစ်ကြီးနားမြို့နယ်ရဲမှူးက ဆိုင်းနူးပန်နှင့်ပေါလုတို့အား ခွင့်ပြုချက်မရှိဘဲဆန္ဒပြသဖြင့် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့်ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း ဥပဒေပုဒ်မ ၁၉ အရ တရားစွဲဆိုမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဇွန်လ ၁၁ ရက်နေ့တွင် သူတို့နှစ်ယောက်သည် မြစ်ကြီးနားမြို့နယ်တရားရုံးသို့ ခေါ်ဆောင်သွားခြင်းခံခဲ့ရပြီး အာမခံရခဲ့သည်။ စက်တင်ဘာ ၂ ရက်နေ့တွင် ၎င်းတို့အားပြစ်မှုထင်ရှားသည်ဟု ဆုံးဖြတ်ကာ ထောင်ဒဏ် ၁၅ ရက်စီ ချမှတ်ခဲ့သည်။ ယင်းစီရင်ချက်အား ဆန့်ကျင်သည့်အနေဖြင့် ပေါလုက တရားသူကြီးအား မြန်မာနိုင်ငံ၏တရားစီရင်ရေးစနစ် ယိုယွင်းပျက်စီးနေသည့် သဘောဖြင့် ချိန်ခွင်ပျက်တစ်ခုကို ပေးအပ်ခဲ့သည်။ ၎င်းအား ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၂၂၈ အရ“တရားစီရင်ရေးတွင်ပါဝင်သော ပြည်သူ့ဝန်ထမ်းအား ရည်ရွယ်ချက်ရှိရှိ စော်ကားခြင်း သို့မဟုတ် အနှောင့်အယှက်ပေးခြင်း” ဖြင့် တရားစွဲဆိုခဲ့ပြီး စက်တင်ဘာ ၆ ရက်နေ့တွင် နောက်ထပ် ထောင်ဒဏ် သုံးလချခဲ့သည်။ ဆိုင်းနူးပန်မှာ စက်တင်ဘာ ၁၆ ရက်၊ ပေါလုမှာ ဒီဇင်ဘာ ၁၆ ရက် ထောင်ဒဏ်များ ကျခံ ပြီးစီးသည့်နောက်တွင် ပြန်လွတ်လာကြသည်။

# ကရင်တက်ကြွလှုပ်ရှားသူများ

**ငြိမ်းချမ်းစွာစုဝေးခြင်းနှင့်ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဥပဒေ** - ပုဒ်မ ၁၉

**ကရင်တိုင်းရင်းသားတက်ကြွလှုပ်ရှားသူ ၄ ဦးမှာ ကရင်ပြည်နယ်မှ အငြင်းပွားဖွယ်အိမ်ရာစီမံကိန်းတွင် အိမ်များကိုဖြိုချဖျက်ဆီးခြင်းနှင့် ပတ်သက်ပြီး ငြိမ်းချမ်းစွာဆန္ဒပြမှုတွင်ပါ ဝင်ခဲ့သည့်အတွက် ထောင်ဒဏ်တစ်လစီ အသီးသီးချမှတ်ခံခဲ့ရပါသည်။ ထို တက်ကြွလှုပ်ရှားသူများထဲမှ တဦးဖြစ်သော နော်အုန်းလှသည် သူ၏ငြိမ်းချမ်းစွာလှုပ်ရှားမှုနှင့် ပတ်သက်ပြီး မကြာခဏပစ်မှတ်ထားခံရသည့် ထင်ရှားသော လူ့အခွင့်အရေးကာကွယ်သူ ဖြစ်ပါသည်။**



Naw Ohn Hla © Democracy, Peace and Women Organization (DPW)

၂၀၁၉ခုနှစ် ဧပြီလ ၁၉ ရက်တွင် ကရင်တိုင်းရင်းသားတက်ကြွလှုပ်ရှားသူလေးဦး ဖြစ်သည့် **နော်အုန်းလှ၊ ကိုမောင်ဦး၊ ဦးငယ် (ခ) ဆန်းလှိုင်နှင့် မစန္ဒာမြင့်**တို့သည် မြန်မာနိုင်ငံအရှေ့တောင်ပိုင်း၊ ကရင်ပြည်နယ်ရှိ ရွှေမြစန္ဒီအိမ်ရာစီမံကိန်းတွင် နေထိုင်သူများ ဦးဆောင်သည့် ငြိမ်းချမ်းစွာဆန္ဒပြပွဲတွင် ပါဝင်ခဲ့ကြပါသည်။ စီမံကိန်းအတွက်အသုံးပြုသောမြေများသည် တရားမဝင် ရယူထားသည့် မြေဖြစ်ကြောင်း အစိုးရကကြေညာပြီးနောက် ၂၀၁၉ ဖေဖော်ဝါရီလ၌ ၎င်းတို့၏နေအိမ်များကို ဖြိုဖျက်ခြင်းကို ရွှေမြစန္ဒီအိမ်ရာစီမံကိန်းတွင် နေထိုင်သူများက ဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။ ဆန္ဒပြပွဲစီစဉ်သူများဖြစ်သည့် ကိုမောင်ဦး၊ ဦးငယ် (ခ) ဆန်းလှိုင်နှင့် မစန္ဒာမြင့်တို့က ထိုင်း-မြန်မာနယ်စပ်မြို့ တစ်မြို့ဖြစ်သည့် မြဝတီသို့သွားမည့်လမ်းတစ်လျှောက် ချီတက်ဆန္ဒပြမည့်အကြောင်း အာဏာပိုင်များအား အသိပေးခဲ့သည်။ နော်အုန်းလှမှာ ဆန္ဒပြပွဲ စီစဉ်ရာတွင်ပါဝင်ခြင်းမရှိပဲ စည်းလုံးညီညွတ်မှုကိုပြသသည့်အနေဖြင့် ပါဝင်ခဲ့ခြင်းဖြစ်သည်။

ငြိမ်းချမ်းစွာချီတက်ဆန္ဒပြပြီးနောက် မကြာမီတွင် ရဲများက တက်ကြွလှုပ်ရှားသူလေးဦးအား တရားဝင်ခွင့်ပြုချက်မရှိဘဲ ဆန္ဒပြသည်ဟု စွပ်စွဲကာ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဥပဒေပုဒ်မ ၁၉ အရ စွဲချက်ခဲ့သည်။ ဤဥပဒေသည် ငြိမ်းချမ်းစွာလှုပ်ရှားတက်ကြွသူများ၊ အထူးသဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများခံစားရသော လူထုအတွက် တရားမျှတမှုရရှိရေးအတွက် စည်းရုံးလှုံ့ဆော်သူများကို ပစ်မှတ်ထားရာတွင် သုံးစွဲလေ့ရှိသည်။ တရားဥပဒေအရ ဆန္ဒပြမှုကိုအကြောင်းကြားရန်သာ လိုအပ်သော်လည်း လက်တွေ့တွင်မူ အာဏာပိုင်များက အသိပေးရန်လိုအပ်ချက်ကို ခွင့်ပြုချက်တောင်းခံရန်လိုအပ်ချက်အဖြစ် မှတ်ယူသည်။

၂၀၂၀ ဇန်နဝါရီ ၁၇ တွင် မြဝတီမြို့နယ်တရားရုံးက တက်ကြွလှုပ်ရှားသူ ၄ ဦးအားအပြစ်ရှိကြောင်း ဆုံးဖြတ်ခဲ့ပြီး ၎င်းတို့အား တစ်ဦးကိုထောင်ဒဏ်တစ်လစီချမှတ်ခဲ့သည်။ ပြစ်ဒဏ်များကျခံပြီးနောက် မတ်လ ၁၆ ရက်နေ့တွင် ကရင်ပြည်နယ်၊ ဘားအံထောင်မှ လွတ်မြောက်ခဲ့ကြပါသည်။

## ဆက်နွယ်နေသောအမှု – ကရင်အာဇာနည်နေ့ ဆန္ဒပြပွဲ

ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဥပဒေ - ပုဒ်မ ၂၀

> **“ကရင်အာဇာနည်နေ့” ဆိုတဲ့စကားလုံးကို ဘာလို့ဖြုတ်ရမလဲဆိုတဲ့ အကြောင်းပြချက်ပေးပါ လို့တောင်းတော့ ရဲတပ်ဖွဲ့နဲ့ မြို့နယ်အာဏာပိုင်တွေက မပေးဘူး။ ဒါဟာ အာဏာပိုင်တွေက ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဥပဒေကို လူထုကိုဖိနှိပ်ဖို့ ထင်သလိုသုံးနေတာကို ပြနေတယ်။ ပွဲတွေ၊ အထိမ်းအမှတ် အခမ်းအနားတွေအပါအဝင် ယဉ်ကျေးမှုထုံးတမ်း အခွင့်အရေးတွေကို တားဆီးတာဟာ မတရားပါဘူး။ အစိုးရအနေနဲ့ လူမျိုးစုအခွင့်အရေးကို နားလည်ပြီး အပြည့်အဝ ပံ့ပိုးသင့်ပါတယ်။”**
>
> နော်အုန်းလှ၏ အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကို ၂၀၁၉ ဒီဇင်ဘာလက ပြောကြားချက်။

**နော်အုန်းလှ**သည် မြန်မာပြည်မှထင်ရှားသော တက်ကြွလှုပ်ရှားသူဖြစ်ပြီး၊ မြန်မာအာဏာပိုင်များ၏ဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်းနှင့် ထောင်ချခြင်းတို့ကို မကြာခဏ ခံရသူဖြစ်သည်။ ရန်ကုန်မြို့ရှိ မဟာဗန္ဓုလပန်းခြံတွင် ၂၀၁၉ ဩဂုတ်လ ၁၂ ရက်က ငြိမ်းချမ်းစွာကျင်းပသည့် ကရင်အာဇာနည်နေ့အခမ်းအနားကို ဦးဆောင်ခဲ့သည့်အတွက် အခြားကရင်တိုင်းရင်းသားတက်ကြွလှုပ်ရှားသူများဖြစ်သော **စောအဲလ်ဘတ်ချို၊ စောသိန်းဇော်မင်း**တို့နှင့်အတူ ၂၀၁၉ အောက်တိုဘာတွင် ထောင်ချခံခဲ့ရသည်။

၂၀၁၉ ခုနှစ်ဩဂုတ်လ ၉ ရက်နေ့တွင် ၎င်းတို့က ဒေသခံအာဏာပိုင်များအား ပွဲကျင်းပမည့်အကြောင်း အကြောင်းကြားခဲ့သောအခါ အခမ်းအနားအတွင်း“အာဇာနည်” ဟူသောစကားလုံးကို သုံးစွဲခွင့်မပြုကြောင်း ၎င်းတို့ကို အသိပေးပြောကြားခဲ့သည်။ သို့သော် ထိုနေ့တွင် အခမ်းအနားကျင်းပရာ၌ တားမြစ်ထားသောစကားလုံး “အာဇာနည်” ကိုအသုံးပြုခဲ့သည်။ ကြိုတင်သတိပေးတားမြစ်ထားသည့် “အာဇာနည်” ဟူသောစကားလုံးကို အသုံးပြုသဖြင့် ထိုအချက်အား ချိုးဖောက်သည်ဟုဆိုကာ နောက်တွင် ရဲတပ်ဖွဲ့က ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း ဥပဒေ ပုဒ်မ ၂၀ အရ ဦးဆောင်သူ သုံးဦးအား စွဲချက်တင်ခဲ့သည်။ ၂၀၁၉ ခုနှစ်အောက်တိုဘာ ၂ ရက်တွင်ကျောက်တံတားမြို့နယ် တရားရုံးက ၎င်းတို့အားထောင်ဒဏ် ၁၅ ရက်စီချမှတ်ခဲ့သည်။ သူတို့သည်ထောင်ဒဏ်ကို ရန်ကုန်မြို့အင်းစိန်အကျဉ်းထောင်တွင် ကျခံခဲ့ပြီးနောက် လွတ်မြောက်ခဲ့သည်။

# အလုပ်သမားအခွင့်အရေးလှုပ်ရှားသူများ

**ငြိမ်းချမ်းစွာစုဝေးခြင်းနှင့်ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း ဥပဒေ** - ပုဒ်မ ၁၉

**စက်ရုံအလုပ်သမား ၇ဦး နှင့် အလုပ်သမားအခွင့်အရေးအရေးလှုပ်ရှားသူတစ်ဦး စုစုပေါင်း ရှစ်ဦးသည် ၂၀၁၉ စက်တင်ဘာလအတွင်း ရောဂတီတိုင်း ပုသိမ် စက်မှုဇုံရှိ အထည်ချုပ်စက်ရုံအပြင်ဖက်တွင် ငြိမ်းချမ်းစွာ ဆန္ဒပြခြင်းနဲ့ စပ်လျဉ်းပြီး တရားစွဲဆိုခံထားရပါသည်။ ပြစ်မှုကျူးလွန်ကြောင်းထင်ရှားပါက ထောင်ဒဏ် ၃လအထိကျခံရနိုင်ပါသည်။**



Kha Kha © Amnesty International

၂၀၁၉ခုနှစ် စက်တင်ဘာလ ၂ရက်နေ့တွင် မြန်မာနိုင်ငံ အနောက်တောင်ဖက် ရောဂတီတိုင်း ပုသိမ် စက်မှုဇုံရှိ အထည်ချုပ်စက်ရုံတွင် ထောင်နဲ့ချီသော အလုပ်သမားများက စက်ရုံမှ အလုပ်သမားအခွင့်အရေးချိုးဖောက်သည်ဟု ဆိုကာ ငြိမ်းချမ်းစွာဆန္ဒပြခဲ့ကြသည်။ ကျန်းမာရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ လစာနှင့် ခံစားခွင့်များ၊ အလုပ်ချိန်များအတွက် စိုးရိမ်မှုများကို ထုတ်ဖော်ပြသရန် ရည်ရွယ်သည့် ဆန္ဒပြမှုများကို ရန်ကုန်တွင်နေထိုင်သည့် အလုပ်သမားအရေးလှုပ်ရှားသူ **ခခ (ခ) မဇာခြည်လင်း**နှင့် စက်ရုံအလုပ်သမားခုနှစ်ဦး ဖြစ်ပြီး အလုပ်သမားသမဂ္ဂခေါင်းဆောင်များလည်းဖြစ်သည့် မချိုမီခိုင်၊ ကိုအောင်နိုင်ဝင်း၊ **မယဉ်ယဉ်အေး၊ ကိုဝင်းဇော်ထွေး (ခ) ဖိုးခွား၊ ကိုအောင်ဆန်းဦး၊ မနှင်းနွယ်လင်း၊ မမေမြတ်သူ** စုစုပေါင်းရှစ်ဦးက ဦးဆောင်စီစဉ်ခဲ့ကြသည်။ သူတို့က ဆန္ဒပြရန်ခွင့်ပြုချက်တောင်းခံသည့်စာကိုလည်း ကြိုတင်၍ဩဂုတ်လ ၂၉ ရက်နေ့တွင်မြို့မအာဏာပိုင်များထံပို့ခဲ့သည်။

စက်တင်ဘာ ၂ ရက် နံနက် ၉ နာရီခန့်တွင်စက်ရုံအလုပ်သမား ၁၀၀၀ ခန့်သည် ငြိမ်းချမ်းစွာဆန္ဒပြရန်အတွက် စက်ရုံအပြင်ဘက်၌ စုရုံးခဲ့ကြသည်။ ဆန္ဒပြရာနေရာသို့ မြို့မရဲတပ်ဖွဲ့မှရဲအရာရှိများ ရောက်ရှိလာပြီး ဆန္ဒပြသူများကိုလူစုခွဲရန်တောင်းဆိုခဲ့သည်။ မနက် ၉နာရီ ၃၀ ခန့်တွင်ဒေသခံမြို့နယ်အာဏာပိုင်များက မခခနှင့် အလုပ်သမားခုနစ်ယောက်အား ခေါ်ယူရာ ၄င်းတို့က ညှိနှိုင်းလို၍ တွေ့ဆုံရန်ဖြစ်မည်ဟု မှတ်ထင်ခဲ့သည်။ သို့သော် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ သူတို့ရောက်သောအခါ ရဲများက မခခသည် ဆန္ဒပြရန်ခွင့်ပြုချက် တောင်းခံထားခြင်းမရှိသောကြောင့် သူ့အားငြိမ်းချမ်းစွာစုဝေးခြင်းနှင့်ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဥပဒေပုဒ်မ ၁၉ ကိုချိုးဖောက်ခြင်းဖြင့်တရားစွဲဆိုရလိမ့်မည်ဟု ပြောကြားခဲ့သည်။ စက်ရုံအလုပ်သမား ၇ ဦးက မခခကို ပစ်မှတ်ထား တရားစွဲဆိုခြင်းကို ကန့်ကွက်ခဲ့ပြီး သူ့ကို စွဲချက်တင်ပါက ဆန္ဒပြမှုကို စီစဉ်သူချင်းအတူတူ ၎င်းတို့ကိုပါ တရားစွဲသင့်ကြောင်း ပြောဆိုခဲ့ကြသည်။

အလုပ်သမားများက နောက်ထပ်နှစ်ရက် ကြာ ဆက်ဆန္ဒပြခဲ့ပြီး စက်တင်ဘာ ၄ ရက်နေ့တွင် စက်ရုံနှင့် အလုပ်သမားတို့အကြား တောင်းဆိုချက်များကို သဘောတူညီချက်ရယူနိုင်ခဲ့ပြီးနောက် ဆန္ဒပြမှုများကို ရပ်ဆိုင်းလိုက်သည်။ သို့သော်စက်တင်ဘာ ၆ ရက်တွင် တက်ကြွလှုပ်ရှားသူ ရှစ်ဦးအား မြို့မရဲစခန်းသို့ ခေါ်ခဲ့ပြီး၎င်းတို့အား အမှုဖွင့်အရေးယူသွားမည်ဖြစ်ကြောင်းနှင့် အာမခံနိုင်ရန် အာမခံသူများလိုအပ်ကြောင်း ပြောကြားခဲ့သည်။ ထိုအချိန်မှစပြီး သူတို့၏တရားခွင်များမှာ နှေးကွေးနေခဲ့သည်။ အထူးသဖြင့် အမှုဖွင့်တိုင်ကြားသူရဲအရာရှိကို မြန်မာနိုင်ငံ၏ အခြားဒေသသို့ ပြောင်းရွှေ့ခဲ့ပြီးသည့်နောက်တွင်ဖြစ်သည်။ စက်ရုံအလုပ်သမားခုနစ် ဦး မှာ စက်ရုံတွင် ဆက်လက် အလုပ်လုပ်နေသော်လည်း ရန်ကုန်တွင်နေထိုင်သော မခခမှာ တရားရုံးကြားနာမှုများကို တက်ရောက်ရန် တရားရုံးသို့ အပတ်စဉ်သွားနေရသည်။



**“တိုင်းပြည်ရဲ့စီးပွားရေးကို တိုးတက်စေချင်တယ်ဆိုရင် အလုပ်သမားတွေရဲ့ စားဝတ်နေရေးကို တိုးတက်အောင်လုပ်မှရမယ်…**

**အစိုးရအနေနဲ့ အရပ်ဖက်အဖွဲ့အစည်းတွေနဲ့ အလုပ်သမားအရေး လှုပ်ရှားသူတွေနဲ့ တွဲအလုပ်လုပ် သင့်တယ်၊ သူတို့နဲ့ စကားပြောရမယ်၊ သူတို့အသံကို နားထောင်ရမယ်။ အခုလို ဖိနှိပ်တာဟာ ကျွန်မကိုပိုတွန်းအားဖြစ်စေတယ်။ ကျွန်မလို လူမျိုးကိုတောင် ဒီလိုတရားစွဲနိုင်ရင် ဆင်းရဲပြီး ဘဝအခြေအနေခက်ခဲတဲ့ အလုပ်သမားတွေကိုဆိုရင် ပိုဆိုးမှာပဲ။”**

မခခ က အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကို ၂၀၁၉ခုနှစ် ဒီဇင်ဘာလက ပြောပြချက်။

# ရခိုင်သတင်းအယ်ဒီတာ

**မတရားအသင်းဥပဒေ** - ပုဒ်မ ၁၇ (၂)



**သတင်းအယ်ဒီတာ ဦးအောင်မာန်ဦး သည်  မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူနည်းစုများကို ပစ်မှတ်ထား သုံးစွဲလေ့ရှိသော မြန်မာနိုင်ငံ၏ ဖိနှိပ်သည့် ဥပဒေတစ်ခုဖြစ်သည့် မတရားအသင်းဥပဒေကို ဖောက်ဖျက်သည်ဟု စွပ်စွဲခံရပြီးနောက် ပုန်းအောင်းနေရသည်။ သူသည် မြန်မာစစ်တပ်နှင့် ရခိုင်လက်နက်ကိုင်အဖွဲ့တို့အကြား ဖြစ်ပွားနေသော တိုက်ပွဲများအတွင်း ချိုးဖောက်မှုများကို သတင်းရယူတင်ပြနေသည့် ရခိုင်ပြည်နယ်အခြေစိုက် ဖွံ့ဖြိုးတိုးတက်ရေးမီဒီယာအဖွဲ့၏ အယ်ဒီတာချုပ်ဖြစ်သည်။ အဆိုပါစွဲချက်သည် အမြင့်ဆုံး ထောင်ဒဏ် ငါးနှစ်အထိ ပြစ်ဒဏ်ကျခံရနိုင်သည်။**

> **"အစိုးရက ကျွန်တော့်ကို စွဲဆိုထားတဲ့ အမှုကိုရုပ်သိမ်းနိုင်ပါတယ်။ ရုပ်လည်း ရုပ်သိမ်းသင့်တယ်။ ပြီးတော့ ဖွံ့ဖြိုးတိုးတက်ရေးမီဒီယာအဖွဲ့ကို လွတ်လွတ်လပ်လပ်အလုပ်လုပ်နိုင်အောင် မှတ်ပုံတင်ခွင့်လည်း ပေးသင့်ပါတယ်။"**
>
> ရခိုင်ပြည်နယ်အခြေစိုက် မီဒီယာအဖွဲ့တစ်ခုဖြစ်သည့် ဖွံ့ဖြိုးတိုးတက်ရေးမီဒီယာအဖွဲ့၏ အယ်ဒီတာချုပ် ကိုအောင်မာန်ဦး

**အောင်မာန်ဦး** (ခေါ်) အောင်မင်းဦး ခေါ် ဦးဘခင်သည် ဖွံ့ဖြိုးတိုးတက်ရေးမီဒီယာအုပ်စု (DMG) ၏တည်ထောင်သူနှင့်အယ်ဒီတာချုပ်ဖြစ်သည်။ DMG  ကို၂၀၁၂ ခုနှစ်တွင်တည်ထောင်ခဲ့ပြီး ရခိုင်ပြည်နယ်အတွင်းမှ သတင်းနှင့် မျက်မှောက်ရေးရာများကို အထူးပြု တင်ပြနေသော မီဒီယာအေဂျင်စီ တစ်ခုဖြစ်သည်။

၂၀၁၉ ခုနှစ်အစောပိုင်း မှစ၍ မြန်မာစစ်တပ်နှင့် ရခိုင်စစ်တပ် (ရခိုင်လူမျိုးလက်နက်ကိုင်တပ်ဖွဲ့) တို့အကြား တိုက်ပွဲများ တိုးများလာသောအခါ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့သည် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် အခြားသောကျူးလွန်မှုများ၊ အထူးသဖြင့် မြန်မာစစ်တပ်၏ ကျူးလွန်မှုများအကြောင်း သတင်းများ ပုံမှန်တင်ပြခဲ့သည်။ ၂၀၁၉ ခုနှစ် မေလအစောပိုင်းတွင် ဦးအောင်မာန် ဦးသည် သူ့အား မတရားအသင်း ဥပဒေ ပုဒ်မ ၁၇ (၂)ဖြင့်တရားစွဲဆိုထားကြောင်း သိရသည်။  ယင်းဥပဒေအရ တရားမဝင်အသင်းအဖွဲ့တစ်ခုခုကို စီမံခန့်ခွဲခြင်း၊ အားပေးကူညီခြင်း၊ မြှင့်တင်ခြင်း ပြုလုပ်သူ မည်သူကို မဆို ထောင်ဒဏ်ငါးနှစ်အထိ ပြစ်ဒဏ်ချမှတ်နိုင်သည်ဟု ပြဋ္ဌာန်းထားသည်။

> **"မီဒီယာသမား တွေကို ပစ်မှတ်မထားသင့်ပါဘူး၊ ကျွန်တော်တို့ကို ဖိနှိပ်ဖို့လည်း မသင့်ဘူး၊ လွတ်လပ်တဲ့သတင်းမီဒီယာကို အားပေးသင့်တယ်။ မြှင့်တင်သင့်တယ်။"**
>
> နေဝင်းဆန်း၊ အယ်ဒီတာ၊ ဖွံ့ဖြိုးတိုးတက်ရေးမီဒီယာအဖွဲ့

တရားမဝင်အဖွဲ့အစည်းများအက်ဥပဒေသည် ပဋိပက္ခဖြစ်ပွားရာ ဒေသများရှိ တိုင်းရင်းသားလူနည်းစု အရပ်သားများအား ဖမ်းဆီးထိန်းသိမ်းရန် မြန်မာအာဏာပိုင်များမှ ကာလကြာရှည်စွာအသုံးပြုခဲ့သော အဓိပ္ပါယ်မရှင်းလင်းသည့် စကားလုံးများဖြင့် ရေးသားထားသော ဥပဒေတစ်ခုဖြစ်သည်။ အောင်မာန်ဦးကို ၂၀၁၉ ခုနှစ် မေလ ၁ ရက်နေ့တွင် အမှုဖွင့်ခဲ့သည်။ သို့သော် ယင်းသို့အမှုဖွင့်ထားကြောင်းကို အခြားမီဒီယာတစ်ခုတွင် သတင်းပါလာမှ အောင်မာန်ဦးကိုယ်တိုင်က သိရှိခဲ့ရသည်။ ယနေ့အထိ သူ့အား မည်သည့်ကိစ္စနှင့် စွဲချက်တင်သည်ကို ရှင်းရှင်းလင်းလင်း မသိရသေးသော်လည်း ဖွံ့ဖြိုးတိုးတက်ရေးမီဒီယာအဖွဲ့၏ သတင်းတင်ပြချက်များနှင့် သက်ဆိုင်လိမ့်မည်ဟု ၎င်းက ယုံကြည်ထားသည်။

၂၀၁၉ ခုနှစ်မေလ ၅ ရက်နှင့် ၆ ရက်များတွင်ရခိုင်ပြည်နယ်၏မြို့တော်စစ်တွေရှိ ရဲအရာရှိများသည် DMG မှ သတင်းထောက်နှစ်ဦးအား အောင်မာန်ဦး မည်သည့်နေရာတွင်ရှိနေသည် ဆိုသည့်အချက်နှင့် ရခိုင်ပြည်နယ်အကြောင်း DMG ၏ သတင်းတင်ပြချက်များနှင့် ပတ်သက်ပြီး စစ်ဆေးမေးမြန်းခဲ့သည်။ ရဲအထူးသတင်းတပ်ဖွဲ့မှ အရာရှိများကလည်း အောင်မာန်ဦး၏အိမ်ကိုရှာဖွေခဲ့ပြီး သူ၏မိသားစုဝင်များကို မေးမြန်းခဲ့သည်။ သူသည် ဖမ်းဆီးခံရခြင်းခံရမည်ကိုကြောက်ရွံ့၍ ယခုအထိ ၁၀ လကျော် ပုန်းအောင်း နေခဲ့သည်။

အောင်မာန်ဦးအပေါ် စွဲချက်တင်ထားသည့်အပြင် DMG သည် ၎င်း၏ မီဒီယာလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် နှင့် နှစ်ပတ်တစ်ကြိမ် ထုတ်ဝေနေသော ဖွံ့ဖြိုးတိုးတက်ရေးသတင်းဂျာနယ် ထုတ်ဝေခွင့်လိုင်စင်အတွက် သက်တမ်းတိုးရာတွင် အခက်အခဲများနှင့်ရင်ဆိုင်ခဲ့ရသည်။ ဤလိုင်စင်များမရှိလျှင် အဖွဲ့အစည်းအနေနှင့် တရားဝင်လည်ပတ်နိုင်ခြင်း မရှိတော့ပါ၊ သတင်းထောက်များအားလည်း နှောင့်ယှက်ခြင်း၊ ဖမ်းဆီးခြင်းများ ပြုလုပ်ခံရနိုင်ချေပိုများသွားကာ  ရခိုင်ပြည်နယ်ရှိအခြေအနေများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များတင်ပြနိုင်သည့်  အဖွဲ့၏ စွမ်းရည်ကို အားနည်းသွားစေနိုင်သည်။

# ကရင်နီအရေးလှုပ်ရှားသူများ

## နိုင်ငံသားများ၏ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံရေးကို ကာကွယ်သည့်ဥပဒေ (နိုင်လွတ်လုံဥပဒေ)

**ကရင်နီလူမျိုးတက်ကြွလှုပ်ရှားသူ ၆ ဦးအား ကယားပြည်နယ် ဝန်ကြီးချုပ်ကို အကြည်ညိုပျက်စေမှုဖြင့် အပြစ်ရှိကြောင်းထင်ရှားသဖြင့် တရားရုံးက ၂၀၁၉ ခုနှစ် အောက်တိုဘာလတွင် ထောင်ဒဏ် ၆ လစီ ချမှတ်ခဲ့သည်။ ၄င်းတို့မှာ၂၀၁၉ ဇွန်လတွင် ဖမ်းဆီးထိန်းသိမ်းခြင်းခံရပြီး ချုပ်ရက်ဖြင့် ထောင်ဒဏ်ရက်စေ့ပြီး ၂၀၁၉ ဒီဇင်ဘာလတွင် ပြန်လည်လွတ်မြောက်ခဲ့သည်။**




Dee De © UKSY (Union of Karenni State Youth)

> **"အစိုးရကပြောတယ်၊ ကျွန်တော်တို့အနေနဲ့ ဥပဒေအတိုင်း ဆန္ဒပြလို့ရတယ်၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုပိုင်ခွင့်ရှိတယ်တဲ့။ ဒါပေမဲ့ အဲဒါတွေကတရားမျှတတဲ့ ဥပဒေတွေမဟုတ်ပါဘူး။ ကျွန်တော်တို့အတွက်မဟုတ်ဘူး၊ ကျွန်တော်တို့ရဲ့ လူ့အခွင့်အရေးကို မလေးစားဘူး၊ အာဏာရှိတဲ့သူတွေက ကျွန်တော်တို့ကိုဖိနှိပ်တဲ့နေရာမှာ သုံးဖို့ပဲဖြစ်တယ်။"**
>
> ဒီးဒီ၏ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့အား ၂၀၂၀ ဇန်နဝါရီလက ပြောကြားချက်။

မြန်မာနိုင်ငံအရှေ့တောင်ပိုင်း ကရင်နီပြည်နယ်ဟုလည်း လူသိများသော ကယားပြည်နယ်သည် မကြာသေးမီ နှစ်များအတွင်းက လူမျိုးစုရေးရာ နိုင်ငံရေးအကြောင်းများဖြင့် အငြင်းပွားဖွယ်ရာများ ဖြစ်ပေါ်ခဲ့သော နေရာဖြစ်ခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် အန်အယ်ဒီ ဦးဆောင်သည့် ပြည်နယ်အာဏာပိုင်များက ဒေါ်အောင်ဆန်းစုကြည်၏ဖခင်၊ မြန်မာနိုင်ငံလွတ်လပ်ရေးလှုပ်ရှားမှုခေါင်းဆောင်တစ်ဦး ဖြစ်သည့် ဗိုလ်ချုပ်အောင်ဆန်း၏ရုပ်တုကို ကယားပြည်နယ် လွိုင်ကော်မြို့တော်၏ရင်ပြင်တွင် စိုက်ထူမည့် အစီအစဉ်ကိုကြေညာခဲ့သည်။ ယင်းအစီအစဉ်မှာ မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးစုများအပေါ် လူများစုကြီးဖြစ်သော ဗမာလူမျိုးတို့၏ယဉ်ကျေးမှုနှင့်နိုင်ငံရေးအရ လွှမ်းမိုးမှုကို အားဖြည့်ပေးသည်ဟုဆိုကာ ဒေသခံရပ်ရွာလူထုများမှ ချက်ချင်းဆန့်ကျင်တုံ့ပြန်ခဲ့သည်။ ၂၀၁၈ ခုနှစ်တလျှောက်လုံး ဆန္ဒပြပွဲများ အများအပြား ဖြစ်ပွားခဲ့ပြီး ငြိမ်းချမ်းစွာတက်ကြွလှုပ်ရှားသူများစွာသည်လည်း ဥပဒေမဲ့စုရုံးမှု၊ "လှုံ့ဆော်မှု" နှင့် အသရေဖျက်မှုများဖြင့် တရားစွဲဆိုခြင်း ခံရသည်။

၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင်အာဏာပိုင်များက ရုပ်တုကို ဖွင့်လှစ်လိုက်ချိန်တွင် ဒေသခံလူထုသည်ဒေါသထွက်ပြီး ထောင်ပေါင်းများစွာသောဆန္ဒပြသူများလမ်းပေါ်ထွက် ဆန္ဒပြကြသည်။ ရုပ်ထုကိုအခြားနေရာသို့ ရွှေ့ပြောင်းထားရှိရန် တောင်းဆိုခဲ့သည်။ ဖေဖော်ဝါရီ ၁၂ ရက်တွင် ရဲများက ဆန္ဒပြသူများကို ရာဘာကျည်ဆန်များနှင့်မျက်ရည်ယိုဗုံးများ အသုံးပြု၍ အင်အားသုံး တုံ့ပြန်ခဲ့သည်။ လူအများအပြားဒဏ်ရာရခဲ့သည်။ အခြေအနေကိုအေးဆေးစေရန်အတွက် ကရင်နီခေါင်းဆောင်များက ပြည်နယ်အစိုးရအရာရှိများနှင့် ညှိနှိုင်းအဖြေရှာရန်တွေ့ဆုံခဲ့ကြသည်။ အကြိမ်များစွာ တွေ့ဆုံပြီးသည့်နောက်တွင် ငြိမ်းချမ်းစွာဆန္ဒပြသူများကို တရားစွဲရန် ပြင်ဆင်ထားသော စွဲချက်များကို ပယ်ဖျက်ပေးရန် အာဏာပိုင်များက သဘောတူခဲ့သည်။ သို့သော် ရုပ်တုကို ဖယ်ရှားရန်အတွက် တစ်စုံတစ်ရာ ဆောင်ရွက်ခြင်းမရှိပါ။

၂၀၁၉ ခုနှစ်၊ မတ်လ ၂၅ ရက်တွင် ဦးဆောင်လှုပ်ရှားသူခြောက် ဦး ဖြစ်သည့် **ခူကြူးဖဲကေး၊ ခွန်ဂျွန်ပေါလ်၊ မျိုးလှိုင်ဝင်း၊ ခွန်တောမတ်စ်၊ ဒီးဒီနှင့် ခူရီရီ** တို့က ကယားပြည်နယ်ဝန်ကြီးချုပ်နှင့် အခြားအစိုးရ အရာရှိများအား ကရင်နီလူမျိုးများကို "သစ္စာဖောက်သူများ" ဟုစွပ်စွဲထားသည့် ကြေညာချက်ကို ဆိုရှယ်မီဒီယာမှတဆင့် ထုတ်ပြန်ခဲ့သည်။ ဝန်ကြီးချုပ်က NLD အစိုးရက ၂၀၁၇ ခုနှစ်မတ်လတွင်ပြဋ္ဌာန်းခဲ့သော နိုင်ငံသားများ၏ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံရေးကို ကာကွယ်သည့်ဥပဒေ (နိုင်လွတ်လုံဥပဒေ) အရ ပြစ်မှုဆိုင်ရာအသရေဖျက်မှုဖြင့် သူတို့ကို စွဲချက်တင်ခဲ့သည်။ ဤစွဲချက်အရ အများဆုံးထောင်ဒဏ် သုံးနှစ်အထိ ချမှတ်နိုင်ပါသည်။

တက်ကြွလှုပ်ရှားသူ ၆ ဦး သည်အစပိုင်း၌ တိမ်းရှောင်နေခဲ့ပြီး ၄င်းတို့ကို ၂၀၁၉ ခုနှစ် ဇွန်လတွင် ရဲက ဖမ်းဆီးခဲ့သည်။ခူကြူးဖဲကေးကို ဇွန်လ ၂ ရက်နေ့တွင်ဖမ်းဆီးခဲ့ပြီး ကျန်၅ ဦး ကိုမူ ဇွန်လ ၂၁ ရက်နေ့တွင်ကရင်နီအမျိုးသားနေ့အထိမ်းအမှတ် အခမ်းအနားတက်ရောက်နေစဉ်ဖမ်းဆီးခဲ့သည်။ ဇွန်လ ၂၄ ရက်နေ့က လွိုင်ကော်မြို့နယ်တရားရုံး၌ အမှုကြားနာမှုပြုလုပ်စဉ် ၆ ဦး လုံးအား အာမခံပေးရန် ငြင်းပယ်ခဲ့ပြီး တရားရင်ဆိုင်နေစဉ်ကာလအတွင်း လွိုင်ကော်အကျဉ်းထောင်သို့ ပို့ကာ ချုပ်နှောင်ထားခဲ့သည်။ အောက်တိုဘာ ၂ ရက်နေ့တွင် လွိုင်ကော်မြို့နယ်တရားရုံးက ၄င်းတို့အား ထောင်ဒဏ် ၆လစီ ချမှတ်ခဲ့သည်။ နိုဝင်ဘာလတွင် ကယားပြည်နယ် ဝန်ကြီးချုပ် က ၄င်းတို့အားချမှတ်သော ပြစ်ဒဏ်အားပြင်ဆင်ပြီး ထိုထက်ပိုကြာရှည်သည့် ထောင်ဒဏ် ချမှတ်ပေးရန် တရားရုံးသို့ လျှောက်ထားခဲ့ကြောင်း သိခဲ့ကြရသည်။ သို့သော် ထိုအယူခံဝင်မှုကို နောက်ပိုင်းတွင်ရုပ်သိမ်းလိုက်ပြီး တက်ကြွလှုပ်ရှားသူခြောက် ဦးစလုံးအား ပြစ်ဒဏ်ကျခံပြီး လွတ်ရက်စေ့သော ဒီဇင်ဘာလတွင် ပြန်လွှတ်ပေးခဲ့သည်။

# မြန်မာနိုင်ငံ၏ဖိနှိပ်သည့် ဥပဒေမူဘောင်

**မြန်မာနိုင်ငံတွင်း နိုင်ငံအရေးအရ ရည်ရွယ်ချက်နှင့်ဖမ်းဆီး အကျဉ်းချမှုများမှာ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ဖွဲ့စည်းခွင့်နှင့် ငြိမ်းချမ်းစွာ စုဝေးခွင့် အခွင့်အရေးများကို စိတ်ထင်သလို ကန့်သတ်နိုင်အောင် ခွင့်ပြုထားသော ဥပဒေများကြောင့် လုပ်ခွင့်ရနေခြင်းဖြစ်သည်။ ယင်းဥပဒေများမှာ စကားရပ်အားဖြင့် မတိကျမသေချာပဲကျယ်ပြန့်လွန်းပြီး အထူးသဖြင့် စစ်တပ်ကိုဝေဖန်သော၊ တရားမမျှတမှုကို ထုတ်ဖော်ပြောဆိုသောသူများကို ထင်သလိုနှိပ်ကွပ်ရန် သုံးစွဲနိုင်ပါသည်။ အခြားဥပဒေများမှာလည်း လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ဖွဲ့စည်းခွင့်နှင့် ငြိမ်းချမ်းစွာ စုဝေးခွင့် အခွင့်အရေးများကို အကာအကွယ်ပေးရန်အတွက် သင့်တော်ခြင်းမရှိသည့် ဥပဒေများ ဖြစ်နေပါသည်။**

## ရာဇဝတ်ကျင့်ထုံးဥပဒေ

မြန်မာ့ရာဇဝတ်ကျင့်ထုံးဥပဒေတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်ထားသော ပုဒ်မများ အများအပြားပါဝင်နေပါသည်။ ယင်းတို့အထဲမှ ယခုအစီရင်ခံစာထဲတွင် ထောက်ပြထားသော အထူးစိုးရိမ်စရာကောင်းသည့် ပုဒ်မများမှာ -

**ပုဒ်မ ၄၉၉-၅၀၀** - ပုဒ်မ ၄၉၉ က အသရေဖျက်မှုကို ရာဇဝတ်မှုအဖြစ် ပြဋ္ဌာန်းထားပြီး ပုဒ်မ ၅၀၀ က အမြင့်ဆုံးပြစ်ဒဏ် ထောင် နှစ်နှစ်အထိချနိုင်သည်ဟု ပြဋ္ဌာန်းထားသည်။ ယင်းပုဒ်မကို တစ်ဦးတစ်ယောက်က အစိုးရအရာရှိတစ်ဦးကို အထူးသဖြင့် မြန်မာစစ်တပ်နှင့် ဆက်စပ်သူတစ်ဦးဦးကို ဝေဖန်သူများကို အရေးယူရာတွင် သုံးစွဲခဲ့သည်။ သာမန်လူတစ်ဦးဦးကိုဖြစ်စေ၊ အစိုးရအရာရှိတစ်ဦးကို ဖြစ်စေ အသရေဖျက်မှုဆိုပြီး အသရေဖျက်မှုကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ခြင်းကို အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ဆန့်ကျင်သည်။ အသရေဖျက်မှုကို တရားမမှုအဖြစ်သာ သတ်မှတ်ဆုံးဖြတ်သင့်သည်ဟု ယူဆသည်။ အစိုးရကို သို့မဟုတ် အစိုးရအရာရှိတစ်ဦးကို တရားနည်းလမ်းတကျဝေဖန်ခြင်းကို တွန့်ဆုတ်သွားစေရန် အသရေဖျက်မှု ဥပဒေကို အသုံးပြုခြင်းသည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် အခွင့်အရေးကိုချိုးဖောက်ရာရောက်ပါသည်။

**ပုဒ်မ ၅၀၅ (က)** - ပုဒ်မ ၅၀၅ (က) အရ တပ်မတော် တပ်ရင်းတပ်ဖွဲ့ တစ်ခုခုမှ တပ်သားများအား အမိန့်မနာခံရန် သို့မဟုတ် တာဝန်များကို ထမ်းဆောင်ခြင်းမှ ပျက်ကွက်စေရန် ရည်ရွယ်ချက်နှင့် သို့မဟုတ် ဖြစ်စေလျက် "ကြေညာချက်တစ်ရပ်၊ ကောလဟလတစ်ခု သို့မဟုတ် သတင်းတစ်ပုဒ်ကို ထုတ်လုပ်ခြင်း၊ ပုံနှိပ်ဖော်ပြခြင်းနှင့် ဖြန့်ဝေခြင်း"တို့ပြုလုပ်ခဲ့လျှင် ရာဇဝတ်မှုမြောက်သည်။ ယင်းပုဒ်မအရ အမြင့်ဆုံးထောင်ဒဏ် နှစ်နှစ်အထိ စီရင်နိုင်သည်။ တပ်မတော်နှင့် တပ်မတော်က နိုင်ငံရေးတွင်ပါဝင်ပတ်သက်နေသော အခန်းကဏ္ဍတို့ကို ဝေဖန်သောသူများကို တပ်မတော်သားများက တရားစွဲဆိုရန် ဤပုဒ်မကို ပို၍တိုးတက်အသုံးပြုလာခဲ့သည်။

**ပုဒ်မ ၅၀၅ (ခ)** - လွတ်လပ်စွာထုတ်ဖော်ပြောဆိုသည့် အခွင့်အရေးကို အသုံးပြုကြသည့် တက်ကြွလှုပ်ရှားသူများအား ဖမ်းဆီးအရေးယူရာတွင် ဤပုဒ်မကို ကာလကြာမြင့်စွာကပင် အသုံးပြုနေခဲ့သည်။ မည်သူမဆို နိုင်ငံတော်အစိုးရကို ဖြစ်စေ၊ နိုင်ငံတော်ငြိမ်ဝပ်ရေးကိုဖြစ်စေ ထိခိုက်သောပြစ်မှုကို တစ်ဦးတစ်ယောက်က ကျူးလွန်ချင်လာအောင် အများပြည်သူကို သော်လည်းကောင်း၊ လူတစ်စုကိုသော်လည်းကောင်း ကြောက်ခြင်း ထိန်လန့်ခြင်းဖြစ်စေရန်အကြံရှိလျှင်၊ ထိုသို့ဖြစ်စေနိုင်ရာသည့် အကြောင်းရှိပြီး ဖော်ပြချက်ကိုဖြစ်စေ၊ ကောလဟလကိုဖြစ်စေ၊ သတင်းကိုဖြစ် ပြုလုပ်ခြင်း သို့မဟုတ် ထုတ်ပြန်ကြေညာခြင်း၊ ဖြန့်ချီခြင်း ပြုလုပ်လျှင် ထောင်ဒဏ် နှစ်နှစ်အထိ ကျခံရနိုင်သည်ဟု ပြဋ္ဌာန်းထားသည်။ ယင်းပုဒ်မပါစကားရပ်များမှာ တိကျမှုမရှိပဲ အစိုးရကို ဝေဖန်သူများအား အာဏာပိုင်များက အရေးယူနိုင်ရန် ကျယ်ပြန့်သောလုပ်ပိုင်ခွင့်များ ပေးထားပါသည်။

## ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေ

ဤဥပဒေကို ငြိမ်းချမ်းစွာ တက်ကြွလှုပ်ရှားသူများကို ဖမ်းဆီး တရားစွဲဆိုရာတွင် မကြာခဏ အသုံးပြုလေ့ရှိသည်။

၂၀၁၆အောက်တိုဘာလတွင်ဥပဒေပါ စုဝေးခွင့်အတွက် ရဲထံမှ ကြိုတင်ခွင့်ပြုချက်တောင်းခံရမည်ဆိုသောအချက်နေရာတွင် ၄၈ နာရီကြိုတင်၍ ရဲကို အကြောင်းကြားရမည်ဟူသော စကားရပ်ဖြင့် အစားထိုးခဲ့သည်။ သို့သော် လက်တွေ့တွင် အာဏာပိုင်များက ကြိုတင်အကြောင်းကြားရမည်ဟူသော အချက်ကို ကြိုတင်ခွင့်ပြုချက်တောင်းရမည်ဟူသော စည်းကမ်းအဖြစ် ကျင့်သုံးနေဆဲဖြစ်သည်။ ၂၀၁၈ ဖေဖော်ဝါရီလတွင် အစိုးရက ထပ်မံပြောင်းလဲလိုသည်ဟု အဆိုပြုလာသော အချက်များမှာပို၍ ပြဿနာရှိပြီး နောက်ကြောင်းပြန်သဘောဆောင်လာပါသည်။ ယင်းအဆိုပြုချက်များတွင် စုဝေးရန်အတွက် ဦးဆောင်ဆော်ဩသူများက ဆန္ဒပြပွဲအတွက် ငွေကြေးမည်မျှ သုံးစွဲမည်၊ ယင်း ငွေကြေး မည်သည့်နေရာက ရသည်တို့ကို ဖော်ပြရန်ဆိုသည်များ ပါရှိလာပါသည်။

## ဆက်သွယ်ရေးဥပဒေ

၂၀၁၃ ဆက်သွယ်ရေးဥပဒေပါ ပုဒ်မ ၆၆ (ဃ) သည် အွန်လိုင်းပေါ်မှ အသရေဖျက်မှုကို ရာဇဝတ်မှုအဖြစ် ပြဋ္ဌာန်းထားပြီး ဆက်သွယ်ရေးကွန်ရက်တစ်ခုခုကို အသုံးပြု၍ ပုဂ္ဂိုလ်တစ်ဦးဦးအား ခြောက်လှန့်တောင်းယူခြင်း၊ အနိုင်အထက်ပြုခြင်း၊ မတရားတားဆီးကန့်ကွက်ခြင်း၊ အသရေဖျက်ခြင်း၊ နှောင့်ယှက်ခြင်း၊ မလျော်ဩဇာသုံးခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း ပြုလုပ်လျှင် ထောင်ဒဏ် နှစ်နှစ်အထိ ကျခံရမည်ဟုပါရှိသည်။ ဆိုရှယ်မီဒီယာပေါ်မှ ငြိမ်းချမ်းစွာရေးသားဖော်ပြသူများကို ၂၀၁၅ အောက်တိုဘာလမှ စတင်၍ ဤဥပဒေကိုသုံးကာ ဆက်တိုက် တရားစွဲဆိုအရေးယူမှုများ ပြုလုပ်လာခဲ့ပြီး အာဏာပိုင်များကို ဝေဖန်သူများ အသံတိတ်သွားအောင် ပြုလုပ်ခဲ့သည်။

ဤဥပဒေပါ အခြားသောပြဋ္ဌာန်းချက်များကို သုံးကာ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ သတင်းအချက်အလက်များရယူပိုင်ခွင့် အခွင့်အရေးများကို ဥပဒေနှင့် မညီပဲ ကန့်သတ်မှုများပြုလုပ်ခဲ့ခြင်းကိုလည်း အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က စိုးရိမ်မိပါသည်။ အထူးသဖြင့် ပုဒ်မ ၇၇ သည် မြန်မာအာဏာပိုင်များကို စိတ်ထင်သလို တယ်လီဖုန်းဆက်သွယ်ရေးကွန်ရက်များကို ရပ်ဆိုင်းနိုင်သော ကျယ်ပြန့်သည် လုပ်ပိုင်ခွင့်အာဏာများပေးအပ်ထားပြီး

၂၀၁၉ ဇွန်လမှ စတင်၍ ရခိုင်နှင့် ချင်းပြည်နယ်များတွင် မိုဘိုင်းတယ်လီဖုန်းဆက်သွယ်မှုကို ပိတ်ထားရန် ဤပုဒ်မကို အသုံးပြု၍ပြုလုပ်ခဲ့သည်။ ယခု အစီရင်ခံစာ ရေးသားချိန်အထိ ယင်းပိတ်ဆို့မှု ဆက်လက်ရှိနေဆဲ ဖြစ်သည်။ ထို့အပြင် ၂၀၂၀ ခုနှစ် မတ်လတွင် ဝက်ဆိုက် ၂၀၀ ကျော်ကို ပိတ်ရန် အစိုးရက မိုဘိုင်းအင်တာနက်ဆက်သွယ်ရေးကုမ္ပဏီများကို ညွှန်ကြားခဲ့ရာတွင်လည်း ယင်းပုဒ်မကို အခြေခံ၍ ပြုလုပ်ခဲ့သည်ဟု ယုံကြည်ရပါသည်။

## မတရားသင်းအက်ဥပဒေ

မတရားအသင်းဥပဒေသည် မြန်မာနိုင်ငံအတွင်း ဖွဲ့စည်းသည့် အသင်းအဖွဲ့များအား အစိုးရထံတွင် မှတ်ပုံတင်စေရန် လိုအပ်ပြီး ငြိမ်းချမ်းသောအဖွဲ့အစည်းများကို စိတ်ထင်သလို ပယ်ဖျက်နိုင်သော ပြဋ္ဌာန်းချက်များလည်း ပါဝင်နေပါသည်။ ယင်းဥပဒေပါ ပုဒ်မ ၁၇ (၁) ပြဋ္ဌာန်းချက်များအရ တရားမဝင်အသင်းအဖွဲ့ တစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင်၊ ယင်းအဖွဲ့မှ အဖွဲ့ဝင်များနှင့် တွေ့ဆုံလျှင်၊ ယင်းအဖွဲ့အား ထောက်ပံ့ကူညီမှု ပြုလုပ်လျှင် သုံးနှစ်အထိ ထောင်ဒဏ်ပြစ်ဒဏ် ချမှတ်ခံရနိုင်ပါသည်။ ထို့အပြင် ပုဒ်မ ၁၇ (၂) အရ တရားမဝင်အသင်းအဖွဲ့ တစ်ခုခုကို ကွပ်ကဲခြင်း၊ ထောက်ပံ့ခြင်းနှင့် အားပေးမြှင့်တင်ခြင်းများပြုလုပ်လျှင် ထောင်ဒဏ် ငါးနှစ်အထိ ပြစ်ဒဏ်ချမှတ်ခံရနိုင်ပါသည်။ ဤဥပဒေကို တိုင်းရင်းသား လက်နက်ကိုင်များနှင့် စစ်ပွဲများဖြစ်ပွားနေသော ဒေသများရှိ တိုင်းရင်းသားအရပ်သားများကို စွဲဆိုရာတွင် အသုံးပြုလေ့ရှိသည်။ အထူးသဖြင့် အရွယ်ရောက်ပြီးသော အမျိုးသားများကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နှင့် ဆက်သွယ်မှုရှိသည်ဆိုကာ ဤဥပဒေနှင့် အရေးယူလေ့ရှိသည်။

## ပုဂ္ဂလိက လွတ်လပ်လုံခြုံမှုဆိုင်ရာဥပဒေ

ယခု ဥပဒေကို အန်အယ်ဒီအစိုးရ ဦးဆောင်သော ပါလီမန်က ၂၀၁၇ ခုနှစ် မတ်လတွင် အတည်ပြုခဲ့ပြီး အသရေဖျက်ခြင်းကို ရာဇဝတ်ပြစ်မှုတစ်ခု အဖြစ် ပြဋ္ဌာန်းထားသည်။ ပုဒ်မ ၈ (စ) တွင် နိုင်ငံသားတစ်ဦး၏ ပုဂ္ဂိုလ်ဆိုင်ရာ၊ မိသားစုရေးရာ ကိစ္စများတွင် အခမ့ဝင်ရောက်စွက်ဖက်ခြင်း သို့မဟုတ် လူတစ်ဦး၏ ဂုဏ်သိက္ခာနှင့် ထင်ပေါ်ကျော်ကြားမှုကို ပုတ်ခတ်ခြင်း သို့မဟုတ် ထိခိုက်စေရန် တစ်နည်းနည်းနှင့်ဆောင်ရွက်ခြင်းမပြုရ ဟုပါရှိသည်။ ပုဒ်မ ၁၀ တွင် ယင်းပြဋ္ဌာန်းချက်များကို ကျူးလွန်ပါက ခြောက်လမှ သုံးနှစ်အထိထောင်ဒဏ် နှင့် ငွေဒဏ်များ ချမှတ်နိုင်ကြောင်းဖော်ပြထားသည်။ ယင်းဥပဒေပါပြဋ္ဌာန်းချက်များမှာ စကားလုံးများက အဓိပ္ပါယ်ကျယ်ပြန့်စွာဖွင့်ဆိုနိုင်သလို ပို၍ စိုးရိမ်စရာကောင်းသည့်အချက်မှာ အသရေဖျက်ခံရသည်ဟု ယူဆသူသာမက မည်သူကမဆို ယင်းပုဒ်မဖြင့် တိုင်ကြား နိုင်ခြင်းဖြစ်သည်။ ထို့အတွက် ပုဂ္ဂိုလ်ရေးမကျေနပ်သူများက ဤဥပဒေကို သုံးကာတရားစွဲဆိုမှုများ ပြုလုပ်လာနိုင်စရာ ရှိနေပါသည်။ ပါလီမန်က ယင်းဥပဒေပါ ပြဋ္ဌာန်းချက်တချို့ကို ပြင်ဆင်ရန် စဉ်းစားလျက်ရှိသည်၊ ပြစ်ဒဏ် သုံးနှစ်ကို နှစ်နှစ်အဖြစ်ပြင်ဆင်ရန် စဉ်းစားနေသည်။ သို့ရာတွင် ယင်းပြင်ဆင်ချက်မှာ နိုင်ငံတကာ လူ့အခွင့်အရေးစံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိရန်အတွက် လုံလောက်မှုမရှိသေးပါ။ ယခင်က ပြောထားခဲ့ပြီးသည့်အတိုင်း အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့သည် ပြည်သူ့ဝန်ထမ်းဖြစ်စေ၊ သာမန်ပြည်သူ တစ်ဦးချင်းဖြစ်စေ အသရေဖျက်မှုအား ရာဇဝတ်မှုအဖြစ် သတ်မှတ်ထားခြင်းကို ဆန့်ကျင်ပါသည်။

## နိုင်ငံတကာ လူ့အခွင့်အရေးစံချိန်စံညွှန်းများ

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ဖွဲ့စည်းခွင့်နှင့် ငြိမ်းချမ်းစွာ စုဝေးခွင့် အခွင့်အရေးများကို နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေအရ အကာအကွယ်ပေးထားပါသည်။ ယင်းအခွင့်အရေးများကို အာမခံပေးထားသော လူ့အခွင့်အရေးဆိုင်ရာအဓိက စာချုပ်များကို မြန်မာက လက်မှတ်ရေးထိုးခြင်း အတည်ပြုခြင်းများမရှိသော်လည်း ယင်းအခွင့်အရေးများကို ကုလသမဂ္ဂ၏ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းတွင် ထည့်သွင်းဖော်ပြထားပြီး ယင်း အခြေခံအကျဆုံး အခွင့်အရေးများမှာ ကုလသမဂ္ဂပဋိညာဉ်အရ မြန်မာအပါအဝင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက လေးစားလိုက်နာ၊ ကာကွယ်၊ မြှင့်တင်ပေးရန် တာဝန်တစ်ရပ်အဖြစ် ဖြည့်ဆည်း ပေးရမည်ဖြစ်သည်။

နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေအရ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ဖွဲ့စည်းခွင့်နှင့် ငြိမ်းချမ်းစွာ စုဝေးခွင့်အခွင့်အရေးများကို ကန့်သတ်ခြင်းများမှာ ချွင်းချက်အရလုပ်ရသော ကိစ္စများဖြစ်ပြီး ဥပဒေစည်းမျဉ်းများမဖြစ်ရပါ။ ယင်းအခွင့်အရေးများကို ကန့်သတ်မှုမှန်သမျှ ဥပဒေနှင့် ညီညွတ်ခြင်း ရှိမရှိ စစ်ဆေးနိုင်သော အချက်သုံးချက်ကို နိုင်ငံတကာလူ့အခွင့်အရေးဥပဒေက ယခုကဲ့သို့ သတ်မှတ်ထားပါသည်။

**၁။ ဥပဒေနှင့် ညီညွတ်မှု** - ကန့်သတ်မှုများကို ရှင်းလင်း ပြည့်စုံပြီး အဓိပ္ပါယ်ဖွင့်ဆိုချက်တိကျသော ဥပဒေများအရ ပြုလုပ်ရမည်။

**၂။ တရားဝင်မှု** - ကန့်သတ်မှုများကို နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေတွင် အတိအကျပြဋ္ဌာန်းထားသော ဥပဒေနှင့်ညီညွတ်သည့် ရည်မှန်းချက်အတွက်သာ ပြုလုပ်နိုင်သည်။ ယင်းတို့မှာ အခြားသူများ၏ အခွင့်အရေးနှင့် ဂုဏ်သိက္ခာကို ကာကွယ်ရန်၊ နိုင်ငံတော်လုံခြုံရေးကို ကာကွယ်ရန်၊ နိုင်ငံတော်တည်ငြိမ်မှုရှိရေး၊ အများပြည်သူကျန်းမာရေး နှင့် အများပြည်သူ၏ အကျင့်စာရိတ္တမထိခိုက်စေရေးတို့ကို ကာကွယ်ပေးရန်တို့ဖြစ်သည်။ယင်းအချက်များတစ်ခုချင်းစီကို ကုလသမဂ္ဂလူ့အခွင့်အရေးစာချုပ်ပါ အဖွဲ့များက အတိအကျ အဓိပ္ပါယ်သတ်မှတ်ဖွင့်ဆို ပေးထားကြပါသည်။

**၃။ လိုအပ်မှုနှင့် အချိုးမျှတမှု** - ကန့်သတ်သောလုပ်ငန်းများသည် အတိအကျသတ်မှတ်ထားသော ဥပဒေနှင့်ညီညွတ်သည့် ရည်မှန်းချက်ကို ပြည့်မီရန်အတွက်လိုအပ်ရမည်ဖြစ်ပြီး လိုအပ်ချက်နှင့်အချိုးမျှရမည်ဖြစ်သည်။ နိုင်ငံတော်အနေနှင့် အထက်ဖော်ပြခဲ့သော ရည်မှန်းချက်များအတွက် လိုအပ်သလောက်သာ အနည်းဆုံး ကန့်သတ်မှုမျိုးကိုပြုလုပ်ရမည်၊ ကန့်သတ်မှုများမှာ အလွန်အမင်း ကျယ်ပြန့်ခြင်း မရှိစေရ။

ဤစစ်ဆေးချက်မှာ အားလုံးစုပေါင်းပြည့်စုံစေရမည်။ နိုင်ငံတကာလူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့် အကျုံးဝင်စေရန်အတွက် ပြဋ္ဌာန်းချက်သုံးခုစလုံးနှင့် ကိုက်ညီရမည်။ [1]

အထက်ဖော်ပြခဲ့သော ဥပဒေများမှာ ယခုစံညွှန်းများနှင့် ကိုက်ညီမှုမရှိသည့်အတွက် ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုလုပ်ပြီး နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် ညီညွတ်အောင် ပြုလုပ်သင့်ပါသည်။

1 7 ICCPR Article 19(3); Human Rights Committee, General comment No. 34, Article 19: Freedoms of opinion and expression, UN Doc. CCPR/C/GC/34, 12 September 2011, paras. 21-36

# နိဂုံးနှင့်အကြံပြုချက်များ

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အစိုးရ တက်ရောက်လာပြီး လေးနှစ်ကြာလာသည့်အချိန်တွင် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ၊ တက်ကြွလှုပ်ရှားသူများသည် ၎င်းတို့၏ အခွင့်အရေးများကို ငြိမ်းချမ်းစွာ ကျင့်သုံးရုံဖြင့် နှောင့်ယှက်၊ ခြိမ်းခြောက်၊ ဖမ်းဆီး တရားစွဲဆို ထောင်ချခံနေကြရဆဲဖြစ်သည်။**

စကားလုံးအတိအကျ သတ်မှတ်ထားခြင်းမရှိပဲ ကျယ်ပြန့်သောပြဋ္ဌာန်းချက်များရှိသော ဥပဒေများက အာဏာပိုင်များ အထူးသဖြင့် စစ်တပ်အရာရှိများက ၎င်းတို့ကို ဝေဖန်သူများအား ငြိမ်းချမ်းစွာ အခွင့်အရေးကျင့်သုံးရုံဖြင့် ပစ်မှတ်ထား အရေးယူနိုင်ခွင့်ပြုထားပါသည်။ အန်အယ်ဒီဦးဆောင်သည့် အစိုးရသည် အာဏာစတင်ရယူလာစ အချိန်က အပြုသဘောဆောင်သော လုပ်ရပ်များလုပ်ခဲ့သော်လည်း နိုင်ငံတွင်းရှိ ဖိနှိပ်သော ဥပဒေမူဘောင်ကို ကျယ်ကျယ်ပြန့်ပြန့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များမှာ ရပ်ဆိုင်းနေပါသည်။ ထို့အပြင် ဥပဒေများကို ရေးဆွဲခြင်း၊ ပြန်လည်သုံးသပ်ခြင်း၊ ပြင်ဆင်ခြင်းလုပ်ငန်းစဉ်များကိုလည်း အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ဥပဒေရေးရာကျွမ်းကျင်သူများ၊ အခြားလူများနှင့် တိုင်ပင်ခြင်းမရှိသော ပွင့်လင်းမြင်သာမှုမရှိခြင်းအတွက် စိုးရိမ်မှုများ ဆက်ရှိနေပါသည်။

၂၀၂၀ အထွေထွေရွေးကောက်ပွဲများ ပြုလုပ်ရန် ပြင်ဆင်နေချိန်တွင် အာဏာပိုင်များအနေနှင့် အခွင့်အရေးကို အမိအရယူ၍ နိုင်ငံရေးအရဖမ်းဆီးအရေးယူ အကျဉ်းချနေခြင်းများကို အဆုံးသတ်ပြီး လူထု၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ဖွဲ့စည်းခွင့်၊ ငြိမ်းချမ်းစွာ စုဝေးခွင့်အခွင့်အရေးများကို အပြည့်အဝ၊ ထိထိရောက်ရောက် လေးစားလိုက်နာ အကာအကွယ်ပေး မြှင့်တင်ရန် အထူးအရေးကြီးပါသည်။

ယင်းသို့ဖြစ်လာစေရန် မြန်မာအာဏာပိုင်များအနေနှင့် အောက်ပါအချက်များ လုပ်ဆောင်ပါရန် အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က တိုက်တွန်းပါသည်။

- မိမိတို့၏ လူအခွင့်အရေးများကို ငြိမ်းချမ်းစွာ ရယူကျင့်သုံးရုံဖြင့် ဖမ်းဆီးထိန်းသိမ်း၊ အကျဉ်းချခံထားရသော လူအားလုံးကို ချက်ခြင်း ချွင်းချက်မရှိပြန်လွှတ်ပေးရန်၊ တရားစွဲဆိုမှုနှင့်ရင်ဆိုင်နေရသောသူများအပေါ် စွဲဆိုထားချက်များ အားလုံးကိုလည်း ရုပ်သိမ်းပေးရန်၊ ငြိမ်းချမ်းစွာ မိမိတို့၏ အခွင့်အရေးများကို ရယူကျင့်သုံးခဲ့ရုံမျှဖြင့် အရေးယူအပြစ်ပေးခံခဲ့ရသူများ အားလုံး၏ ရာဇဝတ်မှုမှတ်တမ်းများကိုလည်း ပယ်ဖျက်ပေးရန်

- လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ဖွဲ့စည်းခွင့်၊ ငြိမ်းချမ်းစွာ စုဝေးခွင့် အခွင့်အရေးများကို ချိုးဖောက်သော ပြဋ္ဌာန်းချက်များ ပါရှိသည့် ဥပဒေများအားလုံးကို ပယ်ဖျက်ခြင်း၊ သို့မဟုတ် ပြန်လည်သုံးသပ်ပြင်ဆင်ခြင်းများပြုလုပ်၍ ယင်းဥပဒေများနှင့် အခြားဥပဒေများကို နိုင်ငံတကာ လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့် ညီညွတ်အောင် ပြုလုပ်ရန်၊ ယင်းဥပဒေများကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ညီညွတ်အောင် မပြုလုပ်နိုင်သေးသည့်အချိန်အတွင်း ယင်းဥပဒေများပါပြဋ္ဌာန်းချက်များကို သုံး၍ လူ့အခွင့်အရေးကာကွယ်သူများ၊ တက်ကြွလှုပ်ရှားသူများ နှင့် အခြားသော မိမိတို့၏ လူ့အခွင့်အရေးကို ရယူကျင့်သုံးသူများအား နှောင့်ယှက် ခြိမ်းခြောက်၊ ဖမ်းဆီး၊ တရားစွဲဆို၊ အကျဉ်းချခြင်းများ မပြုလုပ်ရန်

- ဥပဒေများကို ရေးဆွဲခြင်း၊ ပြန်လည်သုံးသပ်ခြင်း၊ ပြင်ဆင်ခြင်းများ ပြုလုပ်သည့်အခါ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ ဥပဒေရေးရာကျွမ်းကျင်သူများနှင့် အခြားပုဂ္ဂိုလ်များနှင့် ကျယ်ကျယ်ပြန့်ပြန့် ပွင့်လင်းမြင်သာစွာ တိုင်ပင်ဆွေးနွေးရန်;

- လူ့အခွင့်အရေးကာကွယ်သူများ၊ တက်ကြွလှုပ်ရှားသူများအား ဖိနှိပ်သော ဥပဒေများဖြင့် နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ခွဲခြားဆက်ဆံခြင်း၊ ရာဇဝတ်မှုများနှင် ခြိမ်းခြောက်ခြင်းများမပြုလုပ်ရန်၊ ၎င်းတို့၏ အရေးပါသော အလုပ်များကို လုံခြုံသော ပတ်ဝန်းကျင်အနေအထားတွင် လက်တုံ့ပြန် အရေးယူခြင်းမခံရဘဲ လုပ်ကိုင်ခွင့်ရစေရေး ဆောင်ရွက်ပေးရန်

- လူ့အခွင့်အရေးကာကွယ်သူများ၊ တက်ကြွလှုပ်ရှားသူများနှင့် အခြားသော မိမိတို့၏ လူ့အခွင့်အရေးများကို ကျင့်သုံးသူများအား လုံခြုံရေးအဖွဲ့ဝင်များက တားဆီး ရပ်တန့်စေခြင်းများ မပြုလုပ်အောင် ဆောင်ရွက်ရန်

- လူမှုအခွင့်အရေးနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာသဘောတူညီချက်နှင့် လူမျိုးရေးအရ ခွဲခြားမှုပုံစံအားလုံးကို အဆုံးသတ်စေရေးကုလသမဂ္ဂဆိုင်ရာသဘောတူညီချက်အပါအဝင် အဓိက နိုင်ငံတကာ လူ့အခွင့်အရေး စာချုပ်များနှင့် ယင်းတို့၏ နောက်ဆက်တွဲစံနှုန်းများကို တုံ့ဆိုင်းခြင်း၊ ချွင်းချက်ထားခြင်းမပြုလုပ်ပဲ လိုက်နာရန်နှင့် ယင်းဥပဒေများပါ ပြဋ္ဌာန်းချက်များကို ပြည်တွင်းဥပဒေများတွင် ထည့်သွင်းပြီး ဥပဒေအရ၊ မူဝါဒအရ၊ လက်တွေ့ကျင့်သုံးမှုဖြစ်လာရန် အပြည့်အဝ ထိထိရောက်ရောက် အကောင်အထည်ဖော်ရန်

**အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့သည်**
**လူ့အခွင့်အရေးအတွက် ကမ္ဘာလုံးဆိုင်ရာ**
**လှုပ်ရှားမှုကြီးတစ်ခုဖြစ်သည်။**
**လူတစ်ဦးမတရားပြုကျင့်ခံရခြင်းသည်**
**လူတိုင်းနှင့်သက်ဆိုင်ပါသည်။**


CONTACT US

info@amnesty.org

+44 (0)20 7413 5500

JOIN THE CONVERSATION

www.facebook.com/AmnestyGlobal

@AmnestyOnline

# "အရှုံးပေးမည်မဟုတ်"

## လူ့အခွင့်အရေးကာကွယ်သူများ နှင့် တက်ကြွလှုပ်ရှားသူများကို ရာဇဝတ်မှုများဖြင့် စွဲဆိုအပြစ်ပေးနေခြင်း

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)- ဦးဆောင်သည့် အစိုးရ အာဏာရလာပြီး လေးနှစ်ကြာလာသည့်အချိန်တွင် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများနှင့် တက်ကြွလှုပ်ရှားသူများသည် ၎င်းတို့၏ အခွင့်အရေးများကို ငြိမ်းချမ်းစွာ ကျင့်သုံးရုံဖြင့် ဖမ်းဆီး၊ တရားစွဲဆို၊ ထောင်ချခံနေကြရပါသည်။ ယခု အစီရင်ခံစာတွင် မြန်မာနိုင်ငံအတွင်း နိုင်ငံရေးဦးတည်ချက်ဖြင့် ဖမ်းဆီး၊ တရားစွဲဆို၊ ပြစ်ဒဏ်ချမှတ်ခဲ့သည့် အမှုပေါင်း ၁၆မှုကို ဖော်ပြထားသည်။ အမှုများတွင် မြန်မာနိုင်ငံတဝန်း လူ့အခွင့်အရေးကာကွယ်သူများ၊ ကျောင်းသားများ၊ သတင်းသမားများ၊ သရော်လှောင်ပြောင်သည့် သရုပ်ဖော်တင်ဆက်သူများ၊ သဘာဝပတ်ဝန်းကျင်အရေး လှုပ်ရှားသူတစ်၊ အလုပ်သမား အခွင့်အရေးလှုပ်ရှားသူနှင့် အလုပ်သမားသမဂ္ဂအဖွဲ့ဝင်များအပြင် သံဃာတော်တစ်ပါးပါ  ပါဝင်သည်။

ဆက်လက်ဖြစ်ပွားနေသောတရားစွဲဆိုမှုများသည် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများနှင့် တက်ကြွလှုပ်ရှားသူများကိုပစ်မှတ်ထားရန်အာဏာပိုင်များ၊ အထူးသဖြင့်မြန်မာစစ်တပ်မှအသုံးပြုသည့် မတိကျမရေရာသည့်စကားလုံးများပါဝင်သည့် ဥပဒေများကို သုံးပြီးလုပ်နိုင်ခြင်းဖြစ်သည်။ လက်ရှိအစိုးရသက်တမ်းကုန်ဆုံးခါနီး ၂၀၂၀ ခုနှစ် နှောင်းပိုင်း အထွေထွေရွေးကောက်ပွဲကျင်းပရန် ပြင်ဆင်နေချိန်တွင် အာဏာပိုင်များအနေနှင့် နိုင်ငံရေးအရလှုံ့ဆော်မှုကြောင့် ဖမ်းဆီးခြင်းနှင့်ထောင်ချခြင်းများကို ပြည်ဖုံးကားချရန် အရေးကြီးသည့် အခွင့်အလမ်းကောင်း အချိန်အခါဖြစ်ပါသည်။ ၎င်းတို့တွင် မိမိတို့၏အခွင့်အရေးများကိုကျင့်သုံးခြင်းကြောင့် အကျဉ်းချခံထားရသူအားလုံးကိုပြန်လွှတ်ပေးခြင်း၊ မြန်မာနိုင်ငံ၏ဖိနှိပ်ချုပ်ခြယ်သောဥပဒေများအား ပြင်ဆင်ပြောင်းလဲခြင်း၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ အသင်းအဖွဲ့ဖွဲ့စည်းခွင့်နှင့်ငြိမ်းချမ်းစွာစုဝေးခွင့် အခွင့်အရေးများအားလေးစားလိုက်နာခြင်းနှင့်ကာကွယ်စောင့်ရှောက်ခြင်းတို့ ပါဝင်ပါသည်။

Index: ASA 16/2041/2020
April 2020
amnesty.org

AMNESTY INTERNATIONAL